ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့၊ (22-7-2008) (၅၇၄၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာဗောဓိဉယျာဉ်တော်၌ ပွင့်တော်မူရာဗောဓိပင် (၂၈)ပင်နှင့် ဗောဓိညောင် (၁၀၈)ပင် စိုက်ပျိုးပွဲ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက် စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၂၁

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာဗောဓိဉယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင် (၂၈)ပင်နှင့် ဗောဓိညောင် (၁၀၈)ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တည်ထားကိုးကွယ်မည့်ကုန်းတော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ စိုက်ပျိုးပေးသည်။

အဆိုပါ ပွင့်တော်မူရာ ဗောဓိပင် (၂၈)ပင်နှင့် ဗောဓိညောင် (၁၀၈)ပင် စိုက်ပျိုးပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ မြို့တော်ဝန်များ၊ ဒုတိယဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ တက်ရောက်၍ ပါဝင်စိုက်ပျိုးပေးကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိ စေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာဗောဓိဉယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင် (၂၈) ပင်နှင့် ဗောဓိညောင် (၁၀၈)ပင် စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှတ်(၁) နေရာ၌ သတ်မှတ်အပင်ကို စိုက်ပျိုးပေးစဉ်။
(အပေါ်ပုံ) (သတင်းစဉ်)

ကြေးမုံ
The Mirror

၂၂-၇-၂၀၀၈
(အင်္ဂါနေ့)

ဓာတ်မြေဩဇာနှင့် သွင်းအားစုများ ပံ့ပိုးဖြည့်ဆည်း မိုးစပါး အထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်

မုတ်သုံမိုးနှင့်အတူ မြန်မာ့လယ်ယာတစ်ခွင်၌ တောင်သူလယ်သမားများ မိုးစပါးများ စိုက်ပျိုးလျက်ရှိသည်။ သီးနှံ အထွက်တိုးရေးတွင် မျိုးစပါးသည် အဓိကကျသကဲ့သို့ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက် မြေဩဇာပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက် ရေတော် မိုးတော် စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေး စသည့် နည်းလမ်းများ ပေါင်းစပ်စိုက်ပျိုးရေးသည်လည်း အရေးပါလျက်ရှိသည်။

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လေမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် မြို့နယ်အချို့၌ လူနေအိမ်ခြေ အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုနှင့်အတူ လယ်ယာလုပ်ငန်းများလည်း ထိခိုက်ခဲ့ရသည်။ နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များက လေဘေးသင့်ဒေသများ၌ ငွေကြေးနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ လူအင်အားတို့ဖြင့် ကူညီဖြည့်ဆည်းပေးလျက်ရှိရာ မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်လျက်ရှိသည်။

ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းနှင့် ငပုတော စသည့် မြို့နယ်တို့၌ မျိုးစပါးနှင့်လယ်ထွန်စက်များ၊ ကျွဲ၊ နွားများကို ထောက်ပံ့ ပေးပို့လျက်ရှိရာ တောင်သူလယ်သမားများက မိုးစပါး စိုက်ဧကများ အပြည့်အဝ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ယခုအခါ အဆိုပါမြို့နယ်များ အပါအဝင် ဧရာဝတီတိုင်းအတွင်း မိုးစပါးဧက ၂ ဒသမ ၂ သန်း စိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။

မုန်တိုင်းသင့်ဒေသများအပါအဝင် လယ်ယာမြေများ၌ မိုးစပါးများ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးပြီးစပါးပင်များ သီးနှံအထွက်ကောင်းရေးအတွက် ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးအခြေခံသွင်းအားစုများ အချိန်မီရရှိသုံးစွဲကြရမည်ဖြစ်သည်။ ဓာတ်မြေဩဇာများကို စိုက်ပျိုးချိန်တွင် တစ်ကြိမ်၊ စိုက်ပျိုးပြီးနောက်ပိုင်းတွင်တစ်ကြိမ် အသုံးပြုရ မည်ဖြစ်ရာ စိုက်ပျိုးရာသီချိန်အတွင်း ရရှိအသုံးပြုနိုင်ရေး ထောက်ပံ့ဖြည့်ဆည်း ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များက လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးအတွက် အဘက်ဘက်က စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လယ်ယာကဏ္ဍ၌ မိုးစပါးများ အချိန်မီစိုက်ပျိုးရေးအတွက်လည်း ဓာတ်မြေဩဇာနှင့် လယ်ယာစိုက်ပျိုးရေးအခြေခံသွင်းအားစု လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိနေရာ တောင်သူလယ်သမားများက မိုးစပါးအထွက်တိုးရေး အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

မြသိန်းတန်ကျောင်းတိုက်၌ ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၁

ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တသောဘန၊ ပဓာန နာယက ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဦးကေသရနှင့် ဝါဆိုဝါကပ်တော်မူသော စာချ စာသင် သံဃာတော် ၁၂၄ပါးတို့အား ကွယ်လွန်သူ မိခင်ကြီး (ဒေါ်လှလှသန်း) (ခ)ကြီးကြီးမေအား ရည်စူး၍ သား ကိုကျော်ကျော်မင်း-မနီလာမိသားစု (ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်း)က စတုတ္ထအကြိမ်မြောက် နေ့ဆွမ်းနှင့် ဝါဆိုသင်္ကန်းကို ဇူလိုင် ၂၀ ရက်က ဆက်ကပ်လှူဒါန်းကြောင်းသိရသည်။ **(အပေါ်ပုံ)** (က-ပ)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အားကစားဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

အားကစားဝန်ကြီးဌာန ၂၀၀၈ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၈ရက် နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ် ၃၁ သတ်မှတ်နေရာ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ ခရေပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက်ဝန်ကြီးသည် အားကစားဝန်ကြီးဌာန ဝန်ထမ်းများ၏ ပန်းပင်၊ အရိပ်ရလေကာပင်၊စားပင်၊သီးပင်မျိုးစုံ စိုက်ပျိုးနေမှုတို့ကိုလည်းကောင်း၊ ယခင် နှစ်များက စိုက်ပျိုးထားရှိသည့် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ စသည့် နှစ်ရှည်ပင် ၅၈၀၀၊ ငုဝါ၊ ခရေ၊ ပိတောက်၊ ကံ့ကော်၊ ပျဉ်းမပင်၊ စိန်ပန်းရှည်၊ စိန်ပန်းပု၊ ရေတမာ စသည့် ပန်းအလှပင်နှင့် အရိပ်ရပင် ၃၁၀၀ နှင့် သီးပင်၊စားပင် ၁၆၄၆ပင် တို့ကိုမြေဆွပေါင်းသင်ခြင်း၊ ကွက်လပ်ဖြည့် စိုက်ပျိုးနေမှုတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးသည်။

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ၂၀၀၈ ခုနှစ် အားကစားဝန်ကြီးဌာန ငါးမျိုး စိုက်ထည့်ပွဲ အခမ်းအနားတွင် ဆည်အတွင်းသို့ ငွေရောင်ငါးကြင်းသားပေါက်၊ ငါးမြစ်ချင်းသားပေါက်နှင့် ငါးခုံးမကြီးသားပေါက်တို့ကို စိုက်ထည့်ပေးစဉ်။
(သတင်းစဉ်)

ငါးမျိုးစိုက်ထည့်

ယင်းနောက် ဝန်ကြီးသည် တာဝန်ရှိသူများ၊ ဝန်ထမ်းများလိုက်ပါလျက် တစ်ဖက်ပိတ်ဆည်၌ ကျင်းပသော ၂၀၀၈ခုနှစ် အားကစားဝန်ကြီးဌာန ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ ရောက်ရှိကြပြီး ဝန်ကြီးက ဦးဆောင်ကာ ဆည်အတွင်းသို့ ငွေရောင်ငါးကြင်း သားပေါက်၊ ငါးမြစ်ချင်း သားပေါက်နှင့် ငါးခုံးမကြီးသားပေါက်တို့ကို စိုက်ထည့်လွှတ်ပေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငွေရောင်ငါးကြင်း သားပေါက်အကောင် ၁၀၀၀၀၊ ငါးမြစ်ချင်း သားပေါက် အကောင် ၅၀၀၀နှင့် ငါးခုံးမကြီး သားပေါက် အကောင် ၅၀၀၀ တို့ကို စိုက်ထည့်လွှတ်ပေးကြသည်။အားကစားဝန်ကြီးဌာနအနေဖြင့် ဇူလိုင် ၁၈ရက်တွင် စိုက်ပျိုးသော အပင်မျိုးစုံ အပါအဝင် နှစ်ရှည်ပင်၊ ပန်းအလှပင်၊ အရိပ်ရလေကာပင်၊ သီးပင်စားပင် စုစုပေါင်း ၁၀၅၄၆ပင် ကျော်စိုက်ပျိုးပြီး ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာနားလည်မှုအသင်း [Chinese Association for International Understanding (CAFIU)]၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဇူလိုင် ၂၀ရက်မှ၂၇ရက်အထိ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၀ရက် ညနေပိုင်းတွင် လေကြောင်း ခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်နှင့် ပြည်နယ်နှင့် တိုင်းအသင်းအသီးသီးမှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ စုစုပေါင်း ၁၄ ဦးတို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် မထွက်ခွာမီ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ၌ ကျရောက်ခဲ့သည့် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆန်းစစ်အကဲဖြတ်ရေးဆိုင်ရာ အစီရင်ခံစာ (PONJA-REPORT)တရားဝင်ထုတ်ပြန်သည့် အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပါဝင်ဖွဲ့စည်းထားသော သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်မှုများနှင့်ပြန်လည်တည်ဆောက်ရေးအတွက် အသုံးပြုမည့် အချက်အလက်များ ဆန်းစစ်အကဲဖြတ်ရေးဆိုင်ရာအစီရင်ခံစာ (PONJA-REPORT)တရားဝင်ထုတ်ပြန်သည့် အခမ်းအနားကို ယနေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ပါတ်ခ်ရွိုင်ရယ်ဟိုတယ်၌ကျင်းပရာ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့-အဖွဲ့ဝင်များ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အဆင့်မြင့်အာဆီယံ တာဝန်ခံ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Robert Chua Hian Kong၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး မစ္စတာဘီရှိုး ပါရာဂျူလီနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ရုံးနှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးတို့မှ Mr. Nikolas Win Myint တို့ကနာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းဆောင်ရွက်မှု ဆန်းစစ်အကဲဖြတ်ရေးဆိုင်ရာ အစီရင်ခံစာ (PONJA-REPORT)ထုတ်ပြန်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၄၁)ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်၍ ယင်းအစီရင်ခံစာကို အလားတူ တရားဝင်ထုတ်ပြန်သည့် အခမ်းအနားတစ်ရပ်ကို စင်ကာပူဒေသ စံတော်ချိန် ညနေ ၆ နာရီတွင် တစ်ချိန်တည်းကျင်းပကြောင်း သိရှိရသည်။

ဇွန် ၂ရက်နှင့်၃ရက်တို့တွင် မြန်မာအစိုးရ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ် ၂၅၀ကျော်ပါဝင်သည့် ဆန်းစစ် အကဲဖြတ်ရေး အဖွဲ့ဝင်များသည် ယခု အစီရင်ခံစာကို ရေးသားထုတ်ဝေရန်အတွက် ဆန်းစစ်အကဲဖြတ်ရေးဆိုင်ရာ လမ်းညွှန်လေ့ကျင့်မှု အစီအစဉ်သို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

ထို့နောက် ၎င်းတို့သည် မုန်တိုင်းဒဏ်ခံရသည့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ရှိ မြို့နယ် ၃၀တို့သို့ ဇွန် ၁၀ ရက်မှ ၁၉ ရက်အထိ ကွင်းဆင်းစစ်တမ်းများ ကောက်ယူခဲ့ကြသည်။

ရရှိသည့် အချက်အလက်များ အပေါ်အခြေပြု၍ မြန်မာနိုင်ငံ၊ ကုလသမဂ္ဂနှင့် အာဆီယံတို့မှ ကျွမ်းကျင်သူများက ယခုအစီရင်ခံစာကို စုပေါင်းရေးသား ပြုစုခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် ဝန်ကြီးဌာနများ၊ ရန်ကုန်မြို့ရှိနိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့်အခြားNGO/INGO အဖွဲ့အစည်းများသို့ ယင်းအစီရင်ခံစာကို ဖြန့်ဝေပေးသည်။ (သတင်းစဉ်)

သတိတရားသည် သောကမီးကို ငြိမ်းစေ၏

မီးသည် ကြီးငယ်မဟူ လောင်စာမှန်သမျှကို လောင်သွားနိုင်သော်လည်း သတိတရား လက်ကိုင်ထား၍ ဒုစရိုက်အပြစ်ကိုမြင်သော သူတော်ကောင်းသည် နည်းများမဟူ လောင်ကျွမ်းတတ်သော သံယောဇဉ်မီးကို ပယ်ဖျက်နိုင်ကာ ထာဝရအေးချမ်းမှု အမှန်ရှိသော သန္တိသုခ ပြည်နိဗ္ဗာန်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

ဓမ္မပဒ(၃၁)

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ မြန်မာအစိုးရ၊ အာ ဆီယံနှင့် ကုလသမဂ္ဂတို့ ပါဝင်ဖွဲ့စည်းထားသော သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်မှုများနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အသုံးပြုမည့်အချက်အလက်များ ဆန်းစစ်အကဲဖြတ်ရေးဆိုင်ရာ အစီရင်ခံစာ(PONJA-REPORT) တရားဝင်ထုတ်ပြန်သည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

စာပေလက်ထောက်-၂ ရာထူးများအတွက် ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးမည်

ရန်ကုန် ဇူလိုင် ၂၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲတွင် လစ်လပ်လျက်ရှိသော စာပေလက်ထောက်-၂ (လစာနှုန်းကျပ်-၃၉၀၀၀-၁၀၀၀-၄၄၀၀၀)ရာထူးနေရာများအတွက် သတ်မှတ်ချက်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်းကို ဇွန် ၇ ရက်ထုတ် သတင်းစာများတွင် ကြော်ငြာထည့်သွင်းခေါ်ယူခဲ့ပြီးဖြစ်သည်။

အဆိုပါ ရာထူးနေရာအတွက် လျှောက်ထားသူများအား ရေးဖြေစာမေးပွဲ စစ်ဆေးခြင်းကို ဇူလိုင် ၂၆ ရက် (စနေနေ့)တွင် နံနက် ၉နာရီမှ ၁၁နာရီအထိ မြန်မာစာဘာသာရပ်နှင့် မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီအထိအင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ ဇူလိုင် ၂၇ရက်(တနင်္ဂနွေနေ့)တွင် နံနက် ၉နာရီမှ ၁၁နာရီအထိ အထွေထွေဗဟုသုတ ဘာသာရပ်ကိုလည်းကောင်း စစ်ဆေးမည်ဖြစ်သည်။

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ဇူလိုင် ၂၁ရက်မှ ၂၅ရက်အထိ ရုံးချိန်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းရုံး ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့၌ ဖြေဆိုသူ၏ မှတ်ပုံတင်ကတ်ပြားကို ပြ၍ ထုတ်ယူနိုင်သည်။

အသေးစိတ်သိလိုသည့်အချက်များရှိပါက ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းရုံး ဖုန်း-၀၁-၃၇၁၃၃၉၊ ၀၁-၂၅၄၂၇၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိဘတို့၏ မေတ္တာဂုဏ်ရည်ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးကြပ်၍အောင်စည်းစိမ်ကျောက်မျက်ကုမ္ပဏီ၏စီစဉ်မှုဖြင့် **ကျေးဇူးကြီးလှ မိနှင့်ဖတို့၏ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲ**ကို ယနေ့ နံနက် ၉နာရီတွင် အ-ထ-က(၁)ဗဟန်း၌ကျင်းပရာ အမျိုးသားစာပေဆုရ စာရေးဆရာကြီး မင်းယုဝေ၊ အမျိုးသားစာပေဆုရ စာရေးဆရာကြီး လယ်တွင်းသားစောချစ်၊ လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်) **(ဝဲပုံ)**တို့က ဟောပြောကြသည်။

အခမ်းအနားတွင် အလှူရှင် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကြီးက ကျောင်းရန်ပုံငွေအတွက် အလှူငွေကျပ် ၅၀၀၀၀၊ စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ကျောင်းစာကြည့်တိုက်အတွက် မီးအိမ်ရှင် စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ နွယ်နီလွင်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၇-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	“ဒေဝဒူတသုတ္တန်”တရားတော်(ဆရာတော် ဦးအဂ္ဂဉာဏ)
၈း၀၀ - ၂း၀၀	အံ့ဖွယ်ထူးခြား ကလောမဟာမုနိဆုတောင်းပြည့်နီးဘုရား
၈း၁၀ - ၂း၁၀	Sunday Talk
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	စင်မြင့်ပေါ်ကဆုနှင်းသဘင် နက္ခတ်ဗေဒပညာရှင်
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ - ၃း၄၀	ချည်ခင်ချည်မျှင်ပိတ်စအသွင်
၁၀း၀၅ - ၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀ - ၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅	စလင်းရေလှောင်တမံ
၁၀း၂၅ - ၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀ - ၄း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀ - ၄း၄၀	CELLO ဆိုသည်မှာ
၁၀း၅၅ - ၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀ - ၅း၀၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ နွေတမာန်နှင့်တွေ့ဆုံခြင်း)
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	လောက်လမ်းနှင့် ခြင် ကင်းဝေးရေး ဆေးဖျန်းနှိမ်နင်းပေးသွေးလွန်တုပ်ကွေးပပျောက်ရေး
၁၁း၅၀ - ၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅ - ၅း၅၅	လှပသစ်ဆန်း အလှပြင်ခန်း (G-Six Hair & Beauty Spa)
၁၂း၁၅ - ၆း၁၅	ရွှင်မြူးသီကြွေးကဗျာတေး (ညီညီသစ်သီးစုံ)
၁၂း၂၀ - ၆း၂၀	ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု နယ်လှည့်ကွင်းဆင်းလုပ်ငန်းများ
၁၂း၄၀ - ၆း၄၀	Music Gallery (မေစံပယ်ညို-ယုံကြည်စေချင်တယ်)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီးတို့ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်ကြီးများအား ထပ်ဆင့်ပူဇော်ပွဲ အခမ်းအနားတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ဆရာတော်ကြီးများအား ထပ်ဆင့်ပူဇော်ပွဲ အခမ်းအနား တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၂၁

နေပြည်တော်ပျဉ်းမနားရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်ကြီးများအား ထပ်ဆင့်ပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ပျဉ်းမနားရှိ မဟာ ဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက် ကြည်ညိုသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီးပရိသတ်များကနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မင်္ဂလာဇေယျာပါဠိကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊သံဃာတော်များထံမှပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်ဝေလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဆက်လက်၍ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံရသော နိုင်ငံတော် ဩဝါဒါစရိယ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော သံဃာတော်များအား တိုင်းမှူးနှင့် ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဘဒ္ဒန္တကဝိသာရထံမှ ရေစက်ချအနုမောဒနာတရား နာယူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား တိုင်းမှူး၊ ဇနီးနှင့် ဌာနဆိုင်ရာ မိသားစုများက ဆွမ်းဆန်စိမ်းများ လောင်းလှူကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

စမ်းချောင်းမြို့နယ် နေနတ်သား စာသင်တိုက်ကြီး၏(၄၆)ကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပရာ ဝင်းဝင်းမိတ္တူမိသားစုက ဆရာတော်ဘဒ္ဒန္တသုစိတ္တ(ဓမ္မကထိက) ထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၀၄)

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ဇူလိုင်၂၀ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အခွန်လွတ်ဈေး၊ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အခွန်လွတ်ဈေးနှင့် တာမွေမြို့နယ် အခွန်လွတ်ဈေးများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဈေးများအတွင်း တည်ခင်း ရောင်းချနေသူများနှင့် ဈေးဝယ်သူပြည်သူများအား တွေ့ဆုံ၍ တာမွေမြို့နယ် အခွန်လွတ်ဈေး အစည်းအဝေးခန်းမ၌ အခွန်လွတ်ဈေးများအတွင်း ဆန်ရောင်းချနေသူ လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားကာ တာဝန်ရှိသူများအား ဈေးနှုန်းသက်သာစေရေး၊ အလေးချိန် မှန်ကန်စေရေး၊ သန့်ရှင်းလတ်ဆတ်စေရေး၊ ပြည်သူများ စိတ်လက်ချမ်းသာစေရေးနှင့် တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ကြရေး မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

ကျန်းမာရေးဝန်ကြီးဌာန သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနရုံး၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုးတို့သည် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အကြီးအကဲများ၊ ဝန်ထမ်းများနှင့်အတူ စုပေါင်း၍ သစ်ပင်စိုက်ပျိုးပွဲကို တပျော်တပါး ပါဝင်ဆင်နွှဲစိုက်ပျိုးပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ကြီးရုံး အဆောက်အအုံပတ်ဝန်းကျင်၌ ပိတောက်ပင်၊ ကံ့ကော်ပင်၊ ခရေပင်၊ မဟော်ဂနီပင်နှင့် စိန်ပန်းပင်များ စုစုပေါင်း အပင် ၁၃၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မင်္ဂလာဈေးဓမ္မာရုံ တရားပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံတွင် ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)က ဇူလိုင် ၂၄ရက် ည ၇နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်၍ မည်သူမဆို လာရောက်တရားနာယူနိုင်ကြောင်း သိရှိရသည်။ (က-ပ)

မော်လမြိုင် ဘုရားနှစ်ဆူ မိုးကုတ်ရိပ်သာ တရားပွဲ

ရန်ကုန် ဇူလိုင် ၂၁

မော်လမြိုင်မြို့ မြေနီကုန်းရပ် ဘုရားနှစ်ဆူကျောင်းတိုက် မိုးကုတ်ဝိပဿနာမင်္ဂလာရိပ်သာ၌ ဘုရားနှစ်ဆူ မိုးကုတ်ရိပ်သာ၏ ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တရေဝတ(သာသနာပြုနယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ) အရှင်သူမြတ်သည် ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်နေ့မှစ၍သီတင်းကျွတ်လပြည့် (ဥပုသ်နေ့) အထိ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း မွန်းလွဲ ၁ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။

(က-ပ)

ကြည့်ရှုအားပေး

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့် ကျန်းမာရေးဝန်ကြီးဌာန သစ်ပင်စိုက်ပျိုးပွဲတွင်ဝန်ထမ်းများ စုပေါင်း သစ်ပင်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

✳ ရှေ့ဖုံးမှ

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှူးပြုသော အဖွဲ့ဝင်များသည် မင်္ဂလာအချိန် နံနက် ၉ နာရီ ၉ မိနစ်တွင် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာဗောဓိဉယျာဉ်တော်၌ ပွင့်တော်မူရာ ဗောဓိပင် (၂၈)ပင် စိုက်ပျိုးမည့် သတ်မှတ်နေရာများ၌ အသီးသီးနေရာယူကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှတ်(၁)နေရာ၌ သတ်မှတ်အပင်ကိုလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက အမှတ်(၂)နေရာ၌ သတ်မှတ်အပင်ကိုလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှတ်(၃) နေရာ၌ သတ်မှတ်အပင်ကို လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှတ်(၄) နေရာ၌ သတ်မှတ်အပင်ကိုလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှတ်(၅)နေရာ၌ သတ်မှတ်အပင်ကိုလည်းကောင်း အသီးသီး စိုက်ပျိုးပေးကြသည်။

တစ်ပြိုင်နက် စိုက်ပျိုးပေး

ယင်းနောက် ပွင့်ရာဗောဓိဉယျာဉ်တော်အတွင်းရှိ ကျန်ရှိသောနေရာများတွင် မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက သတ်မှတ်နေရာများ၌ သတ်မှတ်အပင်များကို တစ်ပြိုင်နက် စိုက်ပျိုးပေးကြသည်။

ထို့အတူ မင်္ဂလာအချိန်တွင်ပင် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်စိုက်ပျိုးမည့် သတ်မှတ်နေရာများ၌လည်း ဗောဓိညောင် (၁၀၈)ပင်ကို ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ မြို့တော်ဝန်များနှင့် ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများက တစ်ပြိုင်နက် စိုက်ပျိုးပေးကြသည်။

(သတင်းစဉ်)

စိုက်ပျိုးပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာဗောဓိဉယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင်(၂၈)ပင်နှင့် ဗောဓိညောင် (၁၀၈)ပင် စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှတ်(၂) နေရာ၌ သတ်မှတ်အပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာဗောဓိ ဉယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင် (၂၈)ပင်နှင့် ဗောဓိညောင် (၁၀၈)ပင် စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှတ် (၃)နေရာ၌ သတ်မှတ်အပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာဗောဓိဉယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင် (၂၈)ပင်နှင့် ဗောဓိညောင် (၁၀၈)ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှတ်(၄) နေရာ၌ သတ်မှတ်အပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၇-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဆိုပြိုင်ပွဲ
၇:၅၀ ၅။ **"မီးမီးရဲ့ ဆုံးဖြတ်ချက်" (နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]**
၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄:၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅:၀၀ ၇။ အတီးပြိုင်ပွဲ
၅:၁၀ ၈။ ပတ်ဝန်းကျင်တည်တံ့ခိုင်မြဲရေး ဒီရေတောများ ပိုင်းဝန်းထိန်းသိမ်းပေး
၅:၂၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၅၀ ၁၃။ သုတစုံလင်ရွှေညာဏ်ရှင်
၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာများနှင့်လှည့်ကွက်" (အပိုင်း-၁၄)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့" (အပိုင်း-၁၄)**
၁၉။ အစီအစဉ်ပြီး၏။

စိုက်ပျိုးပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ပွင့်ရာဗောဓိ ဉယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင် (၂၈) ပင်နှင့် ဗောဓိညောင် (၁၀၈) ပင် စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှတ်(၅) နေရာ၌ သတ်မှတ်အပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

အနတ္တလက္ခဏ မြတ်ဓမ္မသုတ်တော်

* ဗုဒ္ဓမြတ်စွာ
မဟာသက္ကရာဇ်၊ တစ်ရာ့သုံးခု
ဥတုဝသန္တ၊ ဝါဆိုလပြည့်
ကသိပတန၊ မိဂဒါဝုန်
တောရဂုံတွင်၊ ကောဏ္ဍည,ဝပ္ပ
ဘဒ္ဒိယ, မဟာနာမ်၊ ထေရ်ပျံ့အဿဇိ
ဝဂ္ဂိပဉ္စ၊ ထို ငါးဝအား
တရားဦးဓမ္မစက်၊ ဟောမြွက်ခဲ့ရာ
သောတာပန်တည်ကြ၊ လေးဝသစ္စာ
မှန်စွာထွန်းလက်၊ ဓမ္မစကြာ
ရတနာတရား ဂုဏ်ရည်တည်း. . . .။

* ဓမ္မစကြာ၊ ဟောပြီးခါစ
ဝါဆိုလ၏၊ လပြည့်ပြီးနောက်
ငါးရက်မြောက်သော်၊ ရှင်တော်ဗုဒ္ဓ
အနတ္တလက္ခဏ၊ သုတ်ဓမ္မကို
ဟောပြပြန်လျှင်၊ ပဉ္စဝဂ္ဂီ
မထေရ်ငါးဖြာ၊ ကိလေသာ အာသဝ
ကင်းကွာကြကာ၊ ရဟန္တာဘဝ
အရဟတ္တဖိုလ် ဆိုက်လေ၏. . .။

* အနတ္တလက္ခဏ၊ သုတ်ဓမ္မစစ်
နှစ်သက်ဖွယ်ရာ၊ ဒေသနာကို
မြတ်စွာဇိန၊ ဟောဖော်ပြသည်
အနန္တကျေးဇူး ဂုဏ်ရည်တည်း. . . .။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၆) ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၆) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် ဦးကျော်အောင်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်နှင့် ပါမောက္ခများ၊ ဌာနကြီးမှူးများ၊ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ အရာရှိကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် သင်တန်း တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးသည်။

ယနေ့ ဖွင့်လှစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်းသို့ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၂၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)



ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၆) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အရှင်စန္ဒသာရ(ကျောင်းကုန်း) ဝါတွင်းတရားစခန်းပွဲများ

ရန်ကုန် ဇူလိုင် ၂၁

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက်မှ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက ဓမ္မာစရိယ ဆရာတော် အရှင်စန္ဒသာရ(ကျောင်းကုန်း) အရှင်မြတ်သည် ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၁ ရက်အထိ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ ၁၀ ရက်အထူး တရားစခန်းပွဲတွင် နံနက် ၇ နာရီမှ ၈နာရီအထိ ပဋ္ဌိစ္စသမုပ္ပါဒ် သင်တန်း တရားတော် ဟောကြားပြီး ဩဂုတ် ၇ ရက်မှ ၁၆ ရက်အထိ သာကေတမြို့ အောင်စကြာ မိုးကုတ်ရိပ်သာကြီး၏ ၁၀ ရက် အထူးတရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋ္ဌိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၇-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၃၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပျော်ရွှင်ပါစေ" အပိုင်း(၄၆)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ - တောရဆောက်တည် လယ်တီအစ
- ၂၀။ မွေးမြူသုတ
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နှင်းတောင်သူရဲကောင်း အပိုင်း (၁၁)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၁

၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၈ ရက်၊ ဇူလိုင် ၂၅ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ရွှေရင်မျှော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝေပုလ္လက ဥပုသ်သီလပေးတရားတော်များကိုလည်းကောင်း၊ မွန်းလွဲ ၁၂နာရီခွဲတွင် နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် အဘိဇဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာ ပဏ္ဍိတ ဝိနယပါရဂူ ဘဒ္ဒန္တ နရိန္ဒာဘိဝံသ (ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ)နှင့် ညနေ ၃နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် စစ်ကိုင်းတိုင်း ကသာမြို့နယ် ကျောက်ထုံးကြီးကျောင်း ဦးစီးပဓာနနာယက ဒွိပိဋကရေ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနိမလတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်းကောင်း ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်္ဂတေပစ္စည်းစက်ရုံနှင့် ဖိနပ်စက်ရုံများ ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

အရည်အသွေးကောင်းမွန်ရေးနှင့် ကုန်ထုတ်လုပ်မှု ရည်မှန်းချက် အောင်မြင်အောင် ဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဇူလိုင် ၂၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီခွဲတွင် အင်းစိန်မြို့နယ်ရှိ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း အင်္ဂတေပစ္စည်းစက်ရုံသို့ ရောက်ရှိပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသောနေအိမ်များ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းအတွက် ကွန်ကရစ် အုတ်ဖိနပ်ထုတ်လုပ်မှုလုပ်ငန်းအခြေအနေကို လည်းကောင်း၊ နေ့အလိုက်ထုတ်လုပ်ပြီး ကွန်ကရစ်အုတ်ဖိနပ်များနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကုမ္ပဏီများမှ ထုတ်ယူရန်အသင့်ဖြစ်နေသော ကွန်ကရစ်အုတ်ဖိနပ်များ သယ်ယူတင်ပို့နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက အရည်အသွေးကောင်းမွန်ရေးနှင့် သပ်ရပ်သေချာသော အုတ်ဖိနပ်များထုတ်လုပ်ကြရေးမှာကြားသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အင်းစိန်မြို့နယ်ရှိ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း အင်္ဂတေ ပစ္စည်းစက်ရုံတွင် ကွန်ကရစ်အုတ်ဖိနပ်များ ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

အင်္ဂတေပစ္စည်းစက်ရုံနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းစက်ရုံများမှ ဇူလိုင် ၁၈ ရက်အထိ လေဘေးသင့်ဒေသများအတွက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုရန် ကွန်ကရစ်အုတ်ဖိနပ် ၂၄၉၅၀ ထုတ်လုပ်ခဲ့ပြီး တစ်နေ့လျှင် ကွန်ကရစ်အုတ်ဖိနပ် ၁၅၀၀ ထုတ်လုပ်နိုင်၍ ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နေ့စဉ် ထုတ်လုပ်ပေးလျက်ရှိသည်။

ထို့မှတစ်ဆင့် ဝန်ကြီး ဦးအောင်သောင်းသည် အင်းစိန်မြို့နယ် အင်းစိန်လမ်းမကြီးဘေးရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဖိနပ်စက်ရုံ အမှတ်(၁) စက်ရုံခွဲ ဖော့ကန်သို့ရောက်ရှိ စစ်ဆေးပြီး ဝန်ကြီးက ကုန်ထုတ်လုပ်မှု ရည်မှန်းချက် အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။ ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် ဝင်းသူဇာအရောင်းဆိုင် (ဖော့ကန်) သို့ရောက်ရှိပြီး ပစ္စည်းများ ရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကုန်ပစ္စည်းပြတ်လပ်မှု မရှိစေရန်နှင့် ပစ္စည်းအမယ် စုံလင်စွာ ရောင်းချကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် ၂၇လမ်း (အလယ်ပိုင်း) သီရိရတနာ ဓမ္မာရုံကြီး၏ (၄၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၂၀ ရက်ကကျင်းပရာ ဓမ္မာရုံအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဆန်းက မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

(၂၃)



လသာမြို့နယ်၊ သိမ်ကြီးဈေး (ဃ)ရုံ (မြို့တော်ဗဟိုဈေးကြီး)၏ ဈေးသူ၊ ဈေးသားများနှင့် မြို့တော်စည်ပင်ဝန်ထမ်းများ စုပေါင်း၍ (၄၄)ကြိမ်မြောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက်က ကျင်းပရာ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရ (နာယကချုပ် ဆရာတော် ပရိယတ္တိသာသနတက္ကသိုလ်)ထံ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ပညာရည်ချွန်ဆုပေးပွဲများသို့ တက်ရောက်၍ ဆုများချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီးဒေါ်ဝေဝေတို့သည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် နွားထိုးကြီးမြို့နယ် လုံးတောကျေးရွာ စိတ္တသုခဓမ္မာရုံကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေတို့ နွားထိုးကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲ၌ ဆေးတက္ကသိုလ်ကျောင်းသားတစ်ဦးအားတတိယ အကြိမ်ထောက်ပံ့ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။

(ပို့ဆောင်ရေး)

ထို့နောက် ဗဟိုအလုပ်အမှုဆောင်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် နွားထိုးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်သူရိန်ခန်းမ၌ ကျင်းပသော ပညာရည်ချွန် ဆုပေးပွဲသို့တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်က အဖွင့်အမှာစကားပြောကြားပြီး ဆေးတက္ကသိုလ် ကျောင်းသား တစ်ဦးအား တတိယအကြိမ် ထောက်ပံ့ငွေကျပ် ငါးသိန်း၊ သူငယ်တန်းမှ နဝမတန်းအထိ ၁၀ နှစ်ဆက်တိုက် ပထမဆုရရှိသူ တစ်ဦးအား ဆုငွေကျပ် တစ်သိန်းနှင့် နွားထိုးကြီးမြို့နယ်ရှိ စာသင်ကျောင်းများအတွက် ကျောင်းသုံး ဗလာစာအုပ်ဒါဇင် ၃၀၀၀ တို့ကို ဗဟိုအလုပ်အမှုဆောင်နှင့်ဇနီးတို့က ပေးအပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် ဇနီးတို့က ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရကျောင်းသားကျောင်းသူ ၄၃ ဦးနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ၊ ဆရာမ ၂၀ တို့အား လည်းကောင်း၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယ ပညာရည်ချွန်ဆုရရှိသူများအား လည်းကောင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ဗဟိုအလုပ်အမှုဆောင်နှင့် ဇနီးတို့သည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် နွားထိုးကြီးမြို့နယ် ဖလံကုန်းကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်းကျောင်း၌ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓစာရအား ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူငွေကျပ် တစ်သိန်းကို ဆက်ကပ်လှူဒါန်းသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဇနီးတို့သည် ပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်၍ ဖလံကုန်းဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်းကျောင်းအတွက် ဗလာစာအုပ် ဒါဇင် ၅၀နှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် နဝမတန်းမှ ပဉ္စမတန်းအထိ အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် ထူးချွန် ဆရာ၊ ဆရာမ ၁၉ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် နွားထိုးကြီးမြို့နယ် ဆူးရစ်ကုန်းကျေးရွာနှင့် ရွာသာအေးကျေးရွာ မူလတန်းကျောင်းတို့၌ ကျေးရွာများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဆူးရစ်ကုန်းကျေးရွာ မူလတန်းကျောင်းအတွက် ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၃၀ နှင့် ရွာသာအေးကျေးရွာ မူလတန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀ တို့ကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓမ္မဗျူဟာ အဘိဓမ္မာသင်တန်း နေပြည်တော်၌ ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၂၁

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့ (လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)၏ အခြေခံအဘိဓမ္မာသင်တန်းကို နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက် (ဘူးကွဲ) ရှိ အထက (၁၁) နေပြည်တော်၌ ဇူလိုင် ၂၇ရက်မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီခွဲအထိ ဓမ္မဒါနပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူတိုင်း တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(က-ပ)

ဒဂုံမြို့သစ်(မြောက်ပိုင်း) ဂီတအစည်းအရုံး ဆိုင်းဘုတ်တင်

ရန်ကုန် ဇူလိုင် ၂၁

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဂီတအစည်းအရုံး၊ စည်းရုံးရေးကော်မတီဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီတွင် (၃၄)ရပ်ကွက်၊ အမှတ်(၉၀၂) ပင်လုံလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၌ ကျင်းပရာ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) မှ ဦးမျိုးမြင့်လေး၊ ဂီတာ ဦးဖေဝင်း၊ မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးအေးသန်း(မလိခ) တို့က မြို့နယ်ဂီတအစည်းအရုံး၊ စည်းရုံးရေးကော်မတီ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးလိုက်ကြောင်း သတင်းရရှိသည်။

(က-ပ)

နိုင်ငံရေးပြစ်မှု၊ နိုင်ငံရေးအကျဉ်းသားနှင့် မြန်မာနိုင်ငံဥပဒေပြဋ္ဌာန်းချက်များ(၁)

နိုင်မြင့်(တောင်သာ)

အငြိမ်းစားဥပဒေအရာရှိကြီးဦးမြင့်သည် စာကြည့်ခန်းတွင် မြန်မာနိုင်ငံဥပဒေအတွဲ စာအုပ်များကို လေ့လာဖတ်ရှုနေစဉ် သမီး မနီလာ ရောက်လာသည်။ မနီလာ၏လက်ထဲတွင်လည်း ဥပဒေ စာအုပ်တချို့ပါလာသဖြင့် ဥပဒေတစ်ခုခုနှင့်စပ်လျဉ်းပြီး မေးမြန်းစရာ ရှိနေပြီဖြစ်ကြောင်း ဦးမြင့်အကဲခတ်လိုက်မိသည်။

မနီလာ။ "ဖေဖေ၊ သမီး မရှင်းတာလေး နည်းနည်းရှိလို့ မေးချင်လို့ပါ။"

ဦးမြင့်။ "ဩော်၊ သမီး လာလေ၊ ဘာဥပဒေတွေဖတ်ပြီး ဘာတွေများ မေးစရာတွေပေါ်လာလို့လဲ သမီးရဲ့။"

သမီး မနီလာသည် တက္ကသိုလ်တွင် ဥပဒေပညာဌာန၌ သရုပ်ပြဆရာမအလုပ်လုပ်နေသလို တစ်ဖက်တွင်လည်း ဥပဒေပါရဂူဘွဲ့အတွက် သင်တန်းတက်နေသူဖြစ်သည်။ ဥပဒေတစ်ရပ်ကို လေ့လာသည့်အခါ အသေးစိတ်လေ့လာတတ်သလို၊ မသိရှိ မရှင်းလင်းသည်များကိုလည်း မေးမြန်းလေ့ရှိသည်။

မနီလာ။ "တခြားမဟုတ်ပါဘူး ဖေဖေ၊ သမီးက နိုင်ငံရေးပြစ်မှုနဲ့ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ စကားရပ်တွေကို ဥပဒေရှုထောင့်က လေ့လာနေတာပါ။ တချို့ကလည်း မြန်မာနိုင်ငံဥပဒေတွေမှာ ဒီနိုင်ငံရေးပြစ်မှုဆိုတာ ပြဋ္ဌာန်းထားတာရှိတယ်။ နိုင်ငံရေးအကျဉ်းသားတွေနဲ့ ပတ်သက်ပြီးတော့လည်း ဥပဒေပြဋ္ဌာန်းချက်တွေရှိတယ်လို့ပြောကြပြီး တချို့ကတော့ မြန်မာနိုင်ငံဥပဒေတွေမှာ နိုင်ငံရေး ပြစ်မှုဆိုတာလည်းမရှိ၊ နိုင်ငံရေး အကျဉ်းသားဆိုတာလည်း မရှိဘူးလို့ပြောနေကြပါတယ်။ အဲဒါ မြန်မာနိုင်ငံ ဥပဒေတွေမှာ နိုင်ငံရေးပြစ်မှုဆိုတာ အဓိပ္ပာယ်ဖွင့်ဆိုထားတာရှိသလား၊ နောက်ပြီး နိုင်ငံရေးအကျဉ်းသားနဲ့ ပတ်သက်ပြီးရော အဓိပ္ပာယ်ဖွင့်ဆိုထားတာ၊ ပြဋ္ဌာန်းထားတာတွေရှိသလား သိချင်လို့ပါဖေဖေ။"

မနီလာမေးသည့်မေးခွန်းမှာ အလွန်သိမ်မွေ့သော ဥပဒေပြဿနာတစ်ရပ်ဖြစ်သည့်အပြင် မြန်မာနိုင်ငံဥပဒေများတွင် "နိုင်ငံရေးပြစ်မှု"နှင့် "နိုင်ငံရေးအကျဉ်းသား"ဟူသည့် စကားရပ်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားချက်ရှိသည်၊ မရှိသည်၊ ထိုသို့ ပြဋ္ဌာန်းထားချက်ရှိလျှင်လည်း မည်သည့်အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိသည်ကို ဥပဒေလေ့လာသူများအနေဖြင့် အရင်းအမြစ်ဥပဒေပြဋ္ဌာန်းချက်များနှင့်တကွ သိရှိထားသင့်သည့် အချက်ဖြစ်နေသည်ကို တွေ့ရှိရပေသည်။ ထို့ပြင် အချို့သော နိုင်ငံရေးသမားများကလည်း လိုရာဆွဲကာ မြန်မာနိုင်ငံတွင် နိုင်ငံရေးသမားများကို နိုင်ငံရေးပြစ်မှုဖြင့် ဖမ်းဆီးကာ နိုင်ငံရေးအကျဉ်းသားများအဖြစ် ထားရှိသည်ဟု ဆိုသည်များလည်းရှိနေပေရာ "နိုင်ငံရေးပြစ်မှု"၊ "နိုင်ငံရေးအကျဉ်းသား"များနှင့် စပ်လျဉ်း၍ ဥပဒေကြောင်းအရ ရှင်းလင်းစွာ သိရှိထားရန်လိုအပ်ပေသည်။

ဦးမြင့်။ "သမီးမေးတဲ့ မေးခွန်းကိုဖြေဖို့ဆိုရင် ဥပဒေတစ်ခုတည်းကို ကြည့်လို့မပြီးဘူးသမီး၊ ဆက်စပ်တဲ့ ဥပဒေတွေကိုပါ သိဖို့လိုတယ်။ **၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ အကျဉ်းထောင် အက်ဥပဒေ၊ အကျဉ်းထောင်လက်စွဲတို့ကို လေ့လာဖို့လိုတယ်။ ပထမဆုံး ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေကို လေ့လာကြည့်ရအောင်။ ဒီဥပဒေမှာ ပုဒ်မရှစ်ခုသာပါတယ်။ ဘယ်ပုဒ်မမှာမှ နိုင်ငံရေးပြစ်မှု၊ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ ပြဋ္ဌာန်းချက် လုံးဝမပါဘူးသမီး။ တကယ်တော့ ဒီဥပဒေဟာ ပြည်ထဲရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့လုံခြုံရေး၊ အုပ်ချုပ်ရေး ဥပဒေတစ်ခုသာဖြစ်တယ်။"**

"ဒီဥပဒေရဲ့ ပုဒ်မရှစ်ခုမှာ ပုဒ်မ ၁က ဥပဒေရဲ့ အမည်သတ်မှတ်ချက်ပုဒ်မဖြစ်ပြီး ပုဒ်မ ၈ကတော့ ယခင် ဥပဒေဟောင်းဖြစ်တဲ့ ၁၉၄၈ခုနှစ်၊ အရေးပေါ်စီမံချက် တစ်ချက်လွှတ်ဥပဒေကို ပယ်ဖျက်ကြောင်းဖော်ပြတဲ့ ပုဒ်မ ဖြစ်တယ်။"

"ဆိုခဲ့တဲ့ ပုဒ်မ ၁နဲ့ ပုဒ်မ ၈ကလွဲလို့ ကျန်တဲ့ ပုဒ်မခြောက်ခုကို လေ့လာတဲ့အခါမှာလည်း လုံခြုံရေး၊ အုပ်ချုပ်ရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး ၊ စီးပွားရေး၊ အခွန်ကောက်ခံရေးတို့နဲ့ သက်ဆိုင်တဲ့ ပြဋ္ဌာန်းချက်များသာပါဝင်ပြီး နိုင်ငံရေးနဲ့ သက်ဆိုင်တဲ့ ပြဋ္ဌာန်းချက်တွေ လုံးဝမပါတာတွေ့ရတယ်။ တစ်နည်းဆိုရရင် ဒီပုဒ်မတွေမှာ နိုင်ငံရေးပြစ်မှုဆိုတဲ့ စကားရပ်နဲ့ နိုင်ငံရေးအကျဉ်းသားဆိုတဲ့စကားရပ် လုံးဝထည့်သွင်းပြဋ္ဌာန်းထားတာမရှိပါဘူး။ ဥပဒေမှာကို ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိပါဘဲလျက် ဒီဥပဒေဟာနိုင်ငံရေးပြစ်မှုတွေနဲ့ သက်ဆိုင်တယ်လို့ ဘယ်လိုမှ ပြောလို့မရဘူးဆိုတာ မြင်သာမှာပါ။"

မနီလာ။ "ဒါနဲ့ ဖေဖေ။ တချို့ကဘာဖြစ်လို့ ဒီဥပဒေဟာ နိုင်ငံရေးပြစ်မှုတွေကိုအရေးယူတဲ့ဥပဒေလို့ ထင်နေ၊ ပြောနေကြလဲ မသိဘူးနော်။"

ဦးမြင့်။ "ဒါကတော့သမီးရယ်၊နိုင်ငံတော်ရဲ့ဥပဒေတစ်ရပ်နဲ့ စပ်လျဉ်းပြီး ပြောဆိုရာမှာပဲဖြစ်ဖြစ်၊ အနက်အဓိပ္ပာယ် ကောက်ယူကြရာမှာပဲဖြစ်ဖြစ် ဥပဒေမှာပြဋ္ဌာန်းထားတဲ့အတိုင်းသာ ပြောဆိုရ၊ အဓိပ္ပာယ်ကောက်ယူကြရမှာပါ။ ဥပဒေမှာ မပါဘဲ ကိုယ်လိုရာဆွဲ ပြောကြဆိုကြ အဓိပ္ပာယ်ကောက်ယူကြလို့ ဘယ်ရမှာလဲသမီး။"

မနီလာ။ "အဲဒီဥပဒေကို ဆက်ပြီး ရှင်းပြပါဦး ဖေဖေ။"

ဦးမြင့်။ "ဒီဥပဒေ ပုဒ်မ ၂မှာ နိုင်ငံတော်ရဲ့ လက်နက်ကိုင်စစ်တပ် အစည်းအရုံးများ ဒါမှမဟုတ် ရာဇဝတ်အမှုထမ်းအဖွဲ့များရဲ့ ချီတက်သွားလာခြင်း၊ အရေးအတွက် ၊ အကြောင်းခြင်းရာ၊ အခြေအနေနဲ့ အနေအထားများ၊ ဒီအစည်းအရုံး အဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်ရေးအစီအစဉ်တွေကို နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ကျူးလွန်သူတစ်ဦးတစ်ယောက်ကို ဘယ်သူမဆို အကြောင်းကြားလျှင်၊ ဒါမှမဟုတ် ဒီလို အကြောင်းကြားဖို့ ရည်ရွယ်ပြီး ဆိုခဲ့တဲ့ ကိစ္စတစ်ခုခုနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ရှာဖွေစုဆောင်းလျှင်၊ ဒါမှမဟုတ် ရှာဖွေစုဆောင်းရန် လုံ့လပြုလျှင် ဒီပြစ်မှုကျူးလွန်တဲ့သူကို သေဒဏ်၊ ဒါမှမဟုတ်တစ်သက်တစ်ကျွန်းဒဏ်ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်းထားတယ်။"

"ဒီဥပဒေပုဒ်မ ၃မှာကတော့ ဘယ်သူမဆို နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းဆောင်ရွက်ဖို့ တာဝန်ဝတ္တရားဆောင်ရွက်နေတဲ့ နိုင်ငံတော်လက်နက်ကိုင် စစ်တပ်အစည်းအရုံးတွေရဲ့ ဒါမှမဟုတ် ရာဇဝတ်အမှုထမ်းအဖွဲ့များရဲ့ ဆောင်ရွက်မှု အောင်မြင်ရေးကို နှောင့်နှေးစေဖို့ ဖြစ်စေ၊ ပျက်ပြားစေဖို့ဖြစ်စေ အကြောင်းရှိတဲ့ အမှုတစ်ရပ်ရပ်ကို ကြံရွယ်ပြီးပြုမူဆောင်ရွက်လျှင် ဒီလူကို သေဒဏ် ဒါမှမဟုတ် တစ်သက်တစ်ကျွန်းဒဏ် ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်းထားတယ်။"

"ဒီပုဒ်မ ၂နဲ့ ပုဒ်မ ၃ ပြဋ္ဌာန်းချက်များဟာ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေးတွေနဲ့ သက်ဆိုင်ပြီး တပ်မတော်သားတွေနဲ့သာမက မြန်မာနိုင်ငံရဲတပ်ဖွဲ့ စတဲ့ လုံခြုံရေး တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ လုပ်ငန်းများနဲ့လည်းသက်ဆိုင်တယ်ဆိုတာတွေ့ရမှာဖြစ်ပါတယ်။"

မနီလာ။ "ဒီပုဒ်မတွေမှာပါတဲ့ ရာဇဝတ်အမှုထမ်းအဖွဲ့များဆိုတာက ဘာကိုဆိုလိုတာလဲ ဖေဖေ။"

ဦးမြင့်။ "အင်း၊ ဒါက ဒီဥပဒေကို ပြဋ္ဌာန်းခဲ့တဲ့ ၁၉၅၀ ပြည့်နှစ် ပတ်ဝန်းကျင်က သုံးနှုန်းကြတဲ့ မြန်မာစကားအသုံးအနှုန်းနဲ့ ရေးထားတာပါသမီး။ ခုခေတ်မှာတော့ ပြစ်မှုဆိုင်ရာ အမှုထမ်းလို့ခေါ်နိုင်ပါတယ်။ ပြစ်မှုတွေ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်တားဆီးတာ၊ ပြစ်မှုကျူးလွန်ခဲ့လျှင်လည်း အမှုမှန်ပေါ်ပေါက်အောင် စုံစမ်းထောက်လှမ်းတာ၊ လိုအပ်တဲ့ တရားခံတွေ၊ သက်သေတွေကို အမှုနဲ့ပတ်သက်ပြီး စစ်ဆေးမေးမြန်းတာ၊ လိုအပ်တဲ့အခါပြစ်မှုကျူးလွန်တယ်လို့ စွပ်စွဲခံထားရတဲ့သူတွေကို ထိန်းသိမ်းတာ၊ အမှုခိုင်မာစွာ တည်ဆောက်ရေးအတွက် ဥပဒေရုံး အဆင့်ဆင့်ထံမှ ဥပဒေအကြံဉာဏ်တွေတောင်းခံပြီး အမှုကို တရားမစွဲမီ ခိုင်မာအောင်တည်ဆောက်တာ၊ အမှုခိုင်မာတဲ့အခါ အမှုကို တရားရုံးတွေကို တရားစွဲတင်တာ၊ ပြစ်မှုနဲ့ပြစ်ဒဏ် လျော်ကန်စေဖို့ လိုအပ်တဲ့အခါ ပြင်ဆင်မှု၊ အယူခံမှုတွေ တက်ပေးဖို့ လျှောက်ထားရတာတွေဟာ ပြစ်မှုဆိုင်ရာအမှုထမ်းတွေရဲ့တာဝန်တွေပေါ့ သမီး။ ဒီအမှုထမ်းတွေရဲ့ တာဝန်မှာ ပြစ်မှုတွေနဲ့ပတ်သက်ပြီး အရေးယူဆောင်ရွက်ရတာပါသလို နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအတွက်လည်း ဆောင်ရွက်ကြရတယ်ဆိုတာဒီပုဒ်မတွေအရတွေ့ရမှာပါ။"

မနီလာ။ "ဟုတ်ကဲ့ဖေဖေ။ ဒီဥပဒေအကြောင်း ဆက်ရှင်းပြပါဦး ဖေဖေ။"

ဦးမြင့်။ "အရေးပေါ်စီမံမှု အက်ဥပဒေရဲ့ ပုဒ်မ၄ကတော့ တော်တော်လေး ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားတာကိုတွေ့ရတယ်။ ဒီပုဒ်မမှာ ပြဋ္ဌာန်းထားရာမှာ ဘယ်သူမဆို နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်ခဲ့သူကို ဒါမှမဟုတ် ကျူးလွန်ဆဲဖြစ်သူကို ကူညီရန်ကြံရွယ်ပြီးဖြစ်စေ ဒါမှမဟုတ် ကူညီရာရောက်မယ်လို့ သိလျက်နဲ့ဖြစ်စေ-

(က) မီးရထားလမ်းကိုဖြစ်စေ၊ ဥမင်ကိုဖြစ်စေ၊ မီးရထားသွားလာမှုကိုဖြစ်စေ အနှောင့်အယှက်ပြုလျှင် ဒါမှမဟုတ်

(ခ) မီးရထားလမ်းများ၊ ဥမင်များနှင့် ပတ်သက်သော ဝတ္ထုပစ္စည်းတစ်ရပ်ရပ်ကိုပျက်စီးစေလျှင်၊ ဒါမှမဟုတ်

(ဂ) အစိုးရပိုင် ဝိုင်ယာလက်၊ ဒါမှမဟုတ် ကြေးနန်းဆက်သွယ်ရေး ဒါမှမဟုတ် စကားပြောကြေးနန်းဆိုင်ရာ ကြိုးတိုင်ကိုဖြစ်စေ၊ တိုင်ကိရိယာကိုဖြစ်စေ၊ အခြားဝတ္ထုကိုဖြစ်စေ ပျက်စီးစေလျှင်၊ ဒါမှမဟုတ် အနှောင့်အယှက်ပြုလျှင် ဒါမှမဟုတ် ဖြတ်တောက်လျှင် ဒါမှမဟုတ်

(ဃ) ကြေးနန်း ဒါမှမဟုတ် စကားပြောကြေးနန်းဖြင့်ပေးပို့တဲ့ သတင်းစကားကို ကြားဖြတ်ပြီး ဖတ်ရှုနားထောင်ရန် ရည်ရွယ်ချက်နဲ့ သက်ဆိုင်ရာ ဝတ္ထုပစ္စည်းတစ်ခုခုကို ပျက်စီးစေလျှင် ဒါမှမဟုတ် အနှောင့်အယှက်ပြုလျှင်

အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅(ည)အရ အရေးယူတာတွေရှိတော့ ခုနပြောတဲ့ ပုဒ်မ ၅ နဲ့ လွဲမှားပြီး အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅(ည)ကို နိုင်ငံရေးပုဒ်မပါလို့ ပြောဆိုပြီး အဲဒီပုဒ်မအရ အရေးယူခံရပြီး ပြစ်ဒဏ်ချမှတ်ခံရသူတွေကို နိုင်ငံရေးအကျဉ်းသားလို့ မှားယွင်းပြီး ပြောဆိုနေကြတာပါ။ အမှန်တော့ အဲဒီပုဒ်မ ၅(ည)ပါ ပြဋ္ဌာန်းချက်တွေဟာ ပြစ်မှုကြောင်း သက်သက်သာဖြစ်ပြီး ပြစ်မှုကျူးလွန်လို့ ပြစ်ဒဏ်ထင်ရှားစီရင်ခံရလျှင် ပြစ်မှုအကျဉ်းသားသာဖြစ်။

ဒါမှမဟုတ် ဖြတ်တေ
(င) လေယာဉ်ပျံ၊ လေ
လေကြောင်းသွားလာ
တန်ဆာပလာ ဝတ္ထုပ
ဒါမှမဟုတ် အနှောင့်
ထိုက်သင့်စေရမယ်လ

မနီလာ။ "ဟုတ်ကဲ့ဖေဖေ။ ဒီဥပဒေပ
ပါဦး။"

ဦးမြင့်။ "ဒီဥပဒေရဲ့ ပုဒ်မ ၅ မှာ က
တယ်။ပုဒ်မခွဲ (က)ကနေ(
ပုဒ်မခွဲတစ်ခုခုပါတားမြစ်ချ
ဆိုရင် ကျူးလွန်သူကို ခုနစ်
ငွေဒဏ် ဒါမှမဟုတ် ပြစ်
ဖြစ်ပါတယ်။ ပုဒ်မခွဲတစ်ခု
ပြဋ္ဌာန်းချက်တွေတွေ့ရမလ

ဦးမြင့်က ၁၉၅၀ပြည့်နှစ် အရေး
သမီး မနီလာသို့ ပေးလိုက်သည်။
ပြဋ္ဌာန်းချက်တွေကို အသံထွက်၍ ဖြ

မနီလာ။ **"ဒီပုဒ်မ ၅ ရဲ့ ပုဒ်မခွဲများပ
တာ လုံခြုံရေးအုပ်ချုပ်ရေး
စည်းကမ်းထိန်းသိမ်းရေးဆို
တယ်။ နိုင်ငံရေးနဲ့ဆိုင်တဲ့
ဖေဖေ။"**

ဦးမြင့်။ "ဟုတ်တယ်သမီး၊ **ဒီပုဒ်မ ၅
ကိုကြည့်၊ သမီးတွေ့ရသ
ပြန်လည်ထူထောင်ရေး၊ အ
ရေး၊ အခွန်ကောက်ခံရေး၊
ထိန်းသိမ်းရေး၊ တရားဥပ
ဆောင်ရွက်ရေးဆိုင်ရာတွေ
တယ်။"**

မနီလာ။ "နောက်ပြီးတော့ **ပုဒ်မ ၅(ည
အဲဒီပုဒ်မ ၅(ည)အရ ပြဋ္ဌာ
လို့ အပြစ်ပေးခံရတဲ့သူတွေ
ဘာလို့ပြောနေကြရတာလဲ**

ဦးမြင့်။ **"ပုဒ်မ ၅(ည) ပါပြဋ္ဌာန်းချ
ပြဋ္ဌာန်းချက်အတိုင်းဆိုရင်
သော်ငြင်း၊ ငြိမ်ဝပ်ပိပြားမှု
ငြင်း၊ ထိခိုက်စေရန် အ
အများပြည်သူ၏ သို့တ
ကိုယ်ကျင့် တရားကိုဖြစ်စေ
ဖောက်ပြန်ဖြစ်စေရန် ကြံရွ
မဟုတ် ယင်းသို့ဖြစ်စေရန်
လျှင်" ဆိုပြီးပြဋ္ဌာန်းထားတ
ရင်လဲ သမီးခုနပြောသ
စည်းကမ်းထိန်းသိမ်းရေးနဲ့
ဖောက်ဖျက်ကျူးလွန်လို့ နို
ဒီပြဋ္ဌာန်းချက်ကို ဖောက်ဖျ
ခံရတဲ့သူကို နိုင်ငံရေးအကျ
ပြီးမှ ပြောလို့မရပါဘူး။ သ
Public Order (Preserva**

မနီလာ။ "ဖတ်တော့ဖတ်ဖူးပါတယ်
အသုံးပြုတာမရှိလို့ သိပ်
ဘာဖြစ်လို့လဲဖေဖေ။"

ဦးမြင့်။ "အဲဒီဥပဒေကို ၁၉၄၇ခုနှစ်
တာပါ။ အဲဒီဥပဒေရဲ့ပုဒ်မ
တည်ငြိမ်ရေးကို ထိပါးနေ
ထိန်းသိမ်းထားနိုင်တယ်၊
နှစ်လထိ ဖမ်းဆီးချုပ်နှော
ပါတယ်။ အဲဒီပုဒ်မ ၅ အ
ထားရသူတွေဟာ နိုင်ငံ
အတော်များများဖြစ်ကြတ
နိုင်ငံရေးပုဒ်မဆိုပြီး ကင်ပွန်း
တယ်။ အဲဒီပုဒ်မ ၅ ကို
ဥပဒေ ပြဋ္ဌာန်းချက်တွေထဲ
ထားချက်မရှိဘဲ ယခင်က
ထိန်းသိမ်းလေ့ရှိတဲ့ပုဒ်မဖြစ်
အခေါ်အနေနဲ့ ခေါ်ဆိုခဲ့
အဲဒီဥပဒေအရ အရေးယူ
အခု **အရေးပေါ်စီမံမှုအက်
တာတွေရှိတော့ခုနပြောတဲ့
စီမံမှုအက်ဥပဒေပုဒ်မ ၅(
ဆိုပြီး အဲဒီပုဒ်မအရအရေ
တွေကို နိုင်ငံရေးအကျဉ်းသ
တာပါပဲ။ အမှန်တော့အဲဒီ**

ဒါမှမဟုတ် ဖြတ်တောက်လျှင် ဒါမှမဟုတ်
(င) လေယာဉ်ပျံ၊ လေယာဉ်ပျံကွင်း၊ ဒါမှမဟုတ် လေကြောင်းသွားလာရေးနဲ့ ပတ်သက်တဲ့ ကိရိယာ တန်ဆာပလာ ဝတ္ထုပစ္စည်းတစ်ခုခုကို ပျက်စီးစေလျှင် ဒါမှမဟုတ် အနှောင့်အယှက်ပြုလျှင် ဒီလူကိုသေဒဏ် ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်းထားတယ်။"

မနီလာ။ "ဟုတ်ကဲ့ဖေဖေ။ ဒီဥပဒေပုဒ်မ ၅ အကြောင်း ဆက်ရှင်းပြပါဦး။"

ဦးမြင့်။ "ဒီဥပဒေရဲ့ ပုဒ်မ ၅ မှာ ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားတယ်။ပုဒ်မခွဲ (က)ကနေ(ဍ)အထိ ပုဒ်မခွဲ (၁၃)ခုရှိတယ်။ ပုဒ်မခွဲတစ်ခုခုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်မယ်ဆိုရင် ကျူးလွန်သူကို ခုနစ်နှစ်ထိထောင်ဒဏ် ဒါမှမဟုတ် ငွေဒဏ် ဒါမှမဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံး ထိုက်သင့်စေမှာဖြစ်ပါတယ်။ ပုဒ်မခွဲတစ်ခုချင်း သမီးဖတ်ကြည့်ပါ။ဘယ်လိုပြဋ္ဌာန်းချက်တွေတွေ့ရမလဲ။"

ဦးမြင့်က ၁၉၅၀ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေစာအုပ်ကို သမီး မနီလာသို့ ပေးလိုက်သည်။ သမီး မနီလာက ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်တွေကို အသံထွက်၍ ဖြည်းဖြည်းချင်းဖတ်ကြည့်ပါသည်။

မနီလာ။ **"ဒီပုဒ်မ ၅ ရဲ့ ပုဒ်မခွဲများပါပြဋ္ဌာန်းချက်တွေကိုဖတ်ကြည့်တာ လုံခြုံရေးအုပ်ချုပ်ရေး၊ စီးပွားရေး၊ အခွန်ကောက်ခံရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အချက်တွေကိုသာ တွေ့ရတယ်။ နိုင်ငံရေးနဲ့ဆိုင်တဲ့ ပြဋ္ဌာန်းချက် လုံးဝမတွေ့ရဘူးဖေဖေ။"**

ဦးမြင့်။ "ဟုတ်တယ်သမီး၊ **ဒီပုဒ်မ ၅ ရဲ့ ပုဒ်မခွဲပါပြဋ္ဌာန်းချက်တွေကိုကြည့်၊ သမီးတွေ့ရသလို လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်ထူထောင်ရေး၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ အခွန်ကောက်ခံရေး၊ ကိုယ်ကျင့်တရားနှင့် စည်းကမ်းထိန်းသိမ်းရေး၊ တရားဥပဒေလမ်းကြောင်းအတိုင်း လိုက်နာဆောင်ရွက်ရေးဆိုင်ရာတွေကို ပြဋ္ဌာန်းပေးထားခြင်းဖြစ်ပါတယ်။"**

မနီလာ။ "နောက်ပြီးတော့ **ပုဒ်မ ၅(ည)ကို နိုင်ငံရေးပြစ်မှုလို့ပြောပြီး အဲဒီပုဒ်မ ၅(ည)အရ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်လို့ အပြစ်ပေးခံရတဲ့သူတွေကို နိုင်ငံရေးအကျဉ်းသားတွေလို့ ဘာလို့ပြောနေကြရတာလဲဖေဖေ။"**

ဦးမြင့်။ **"ပုဒ်မ ၅(ည) ပါပြဋ္ဌာန်းချက်ကို ဖတ်ကြည့်ရအောင်။သူ့ရဲ့ပြဋ္ဌာန်းချက်အတိုင်းဆိုရင် "ပြည်ထောင်စု၏ လုံခြုံရေးကိုသော်၎င်း၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်ထူထောင်ရေးကိုသော်၎င်း၊ ထိခိုက်စေရန် အကြောင်းရှိသော နည်းလမ်းဖြင့် အများပြည်သူ၏ သို့တည်းမဟုတ် ပြည်သူတစ်စု၏ ကိုယ်ကျင့် တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဖောက်လွဲဖောက်ပြန်ဖြစ်စေရန် ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင်" ဆိုပြီးပြဋ္ဌာန်းထားတာပါ။ ဒီပြဋ္ဌာန်းချက်ကို ကြည့်ရင်လဲ သမီးခုနပြောသလို လုံခြုံရေး၊ အုပ်ချုပ်ရေးနဲ့ စည်းကမ်းထိန်းသိမ်းရေးနဲ့ပဲဆိုင်ပါတယ်။ ဒီပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်လို့ နိုင်ငံရေးပြစ်မှုကို ကျူးလွန်တယ်၊ ဒီပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်လို့ အပြစ်ဒဏ်ပေးခံရတဲ့သူကို နိုင်ငံရေးအကျဉ်းသားဖြစ်တယ်လို့ ဘယ်လိုလုပ်ပြီးမှ ပြောလို့မရပါဘူး။ သမီးကိုတစ်ခုမေးကြည့်မယ်၊ The Public Order (Preservation) Act ကိုဖတ်ဖူးသလား။"**

မနီလာ။ "ဖတ်တော့ဖတ်ဖူးပါတယ်ဖေဖေ။ အဲဒီဥပဒေကို ဒီကနေ့မှာ အသုံးပြုတာမရှိလို့ သိပ်တော့မမှတ်မိတော့ဘူး။ အဲဒါ ဘာဖြစ်လို့လဲဖေဖေ။"

ဦးမြင့်။ "အဲဒီဥပဒေကို ၁၉၄၇ခုနှစ်၊ ဧပြီလ ၃ရက်နေ့မှာပြဋ္ဌာန်းခဲ့တာပါ။ အဲဒီဥပဒေရဲ့ပုဒ်မ ၅ မှာ အများပြည်သူအေးချမ်းတည်ငြိမ်ရေးကို ထိပါးနှောင့်ယှက်မှုပြုသူများကို ခေါ်ယူထိန်းသိမ်းထားနိုင်တယ်၊ ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်တယ်၊ နှစ်လထိ ဖမ်းဆီးချုပ်နှောင်ထားနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီပုဒ်မ ၅ အရ ယခင်ကခေါ်ယူထိန်းသိမ်းခံထားရသူတွေဟာ နိုင်ငံရေးလုပ်နေတဲ့ နိုင်ငံရေးသမားအတော်များများဖြစ်ကြတယ်၊ အဲဒါကြောင့်အဲဒီပုဒ်မ ၅ ကို နိုင်ငံရေးပုဒ်မဆိုပြီး ကင်ပွန်းတပ်ခေါ်ကြပြောကြတာတွေရှိခဲ့တယ်။ အဲဒီပုဒ်မ ၅ ကို နိုင်ငံရေးပုဒ်မပါလို့ပြောတာလဲ ဥပဒေ ပြဋ္ဌာန်းချက်တွေထဲမှာ အဓိပ္ပာယ် ဖွင့်ဆိုပြဋ္ဌာန်းထားချက်မရှိဘဲ ယခင်က နိုင်ငံရေးသမားများကို ခေါ်ယူထိန်းသိမ်းလေ့ရှိတဲ့ပုဒ်မဖြစ်လို့ နိုင်ငံရေးပုဒ်မဆိုပြီး အရပ်အခေါ်အနေနဲ့ ခေါ်ဆိုခဲ့ကြတာပါ။ အခုသမီးပြောသလို အဲဒီဥပဒေအရ အရေးယူတာ ဒီနေ့မရှိတာတွေ့ရတယ်။ အခု **အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅(ည)အရအရေးယူတာတွေရှိတော့ခုနပြောတဲ့ပုဒ်မ ၅ နဲ့လွဲမှားပြီး အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅(ည)ကို နိုင်ငံရေးပုဒ်မပါလို့ပြောဆိုပြီး အဲဒီပုဒ်မအရအရေးယူခံရပြီး ပြစ်ဒဏ်ချမှတ်ခံရသူတွေကို နိုင်ငံရေးအကျဉ်းသားလို့ မှားယွင်းပြီးပြောဆိုနေကြတာပါပဲ။ အမှန်တော့အဲဒီပုဒ်မ ၅(ည)ပါပြဋ္ဌာန်းချက်တွေဟာ ပြစ်မှုကြောင်းသက်သက်သာဖြစ်ပြီး ပြစ်မှုကျူးလွန်လို့ ပြစ်ဒဏ်ထင်ရှားစီရင်ခံရလျှင် ပြစ်မှုအကျဉ်းသားသာ ဖြစ်ပါတယ်။"**

မနီလာ။ "ဒီအချက်ဟာလဲ တော်တော်မှတ်သားလောက်တာပဲဖေဖေ။ ဒါနဲ့ပုဒ်မ ၆ အကြောင်းဆက်ပြောပါဦးဖေဖေ။"

ဦးမြင့်။ "ပုဒ်မ ၆ နဲ့ပတ်သက်ပြီး ပြောရရင်၊ ပုဒ်မ ၆ ရဲ့ နောက်မှာ ပုဒ်မ ၆-က ဆိုပြီး ၁၉၅၇ခုနှစ်မှာ ဖြည့်စွက်ထားတာကို သတိထားဖို့လိုတယ်။ ၁၉၅၇ ခုနှစ် အောက်တိုဘာလ ၁၆ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ ၁၉၅၇ခုနှစ် အရေးပေါ်စီမံမှု (ယာယီပြင်ဆင်ချက်)အက်ဥပဒေ (ဥပဒေအမှတ် ၄၆/၁၉၅၇) နဲ့ ဖြည့်စွက်ခဲ့တာဖြစ်ပါတယ်။ ပုဒ်မ ၆ ပြဋ္ဌာန်းချက်တွေကို လေ့လာတဲ့အခါ ဘယ်သူမဆို ပုဒ်မခွဲ(က)အရ အစိုးရကိစ္စအတွက် အသုံးပြုတဲ့၊ ဒါမှမဟုတ် အသုံးပြုရန်ကြံရွယ်တဲ့အဆောက်အအုံရဲ့၊ ယာဉ်ရဲ့၊ စက်ရဲ့၊ ကိရိယာတန်ဆာပလာရဲ့၊ ဒါမှမဟုတ် တခြားပစ္စည်းရဲ့၊ ပုဒ်မခွဲ(ခ) အရ လမ်း၊ တံတား၊ လမ်းကူးမြောင်း၊ တာလမ်းမြင့်၊ ဆိပ်ကမ်း၊ ဒါမှမဟုတ် သင်္ဘောကျင်းရဲ့ ပုဒ်မခွဲ(ဂ)အရ မရှိမဖြစ်သောပစ္စည်းပြုလုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဒါမှမဟုတ် ပေးသွင်းထောက်ပံ့ခြင်းနဲ့ စပ်လျဉ်းပြီး အသုံးပြုတဲ့ အဆောက်အအုံရဲ့ ဒါမှမဟုတ် အခြားအရာဝတ္ထုရဲ့ အညစ်အကြေး သုတ်သင်မှုဆိုင်ရာ အလုပ်ကိရိယာရဲ့၊ သတ္တုတွင်းရဲ့၊ ဒါမှမဟုတ် အလုပ်ရုံရဲ့၊ ပုဒ်မခွဲ(ဃ)အရ တားမြစ်ထားတဲ့နေရာရဲ့၊ ဒါမှမဟုတ် ကာကွယ်စောင့်ရှောက်ထားသောနေရာရဲ့၊ ပုဒ်မခွဲ(င)အရ ရေပေး အလုပ်ကိရိယာရဲ့၊ ရေပိုက်အဆက်အသွယ်ရဲ့၊ ဒါမှမဟုတ် ရေပေးသွင်းတဲ့အလုပ်နဲ့စပ်လျဉ်းတဲ့ စက်ရဲ့၊ စက်ကိရိယာရဲ့ ဒါမှမဟုတ် အခြားအရာရဲ့ ဂုဏ်သတ္တိအကျိုးအာနိသင်ကို ယုတ်လျော့စေဖို့၊ ဟန့်တားဖို့၊ ဒါမှမဟုတ် ပျက်စီးစေဖို့ ကြံရွယ်ပြီး တစ်ခုခုလုပ်လျှင်၊ ဒီလူကို ခုနစ်နှစ်အထိ ထောင်ဒဏ်ဖြစ်ဖြစ်၊ငွေဒဏ်ဖြစ်ဖြစ်၊ ဒဏ်နှစ်ရပ်လုံးဖြစ်ဖြစ် ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်း ထားတယ်။

"ပုဒ်မ ၆-က မှာ ပုဒ်မခွဲ သုံးခုပါတယ်။ ပုဒ်မခွဲ(၁)မှာ ဘယ်သူမဆို အများပြည်သူတွေ ဒုက္ခဖြစ်အောင်၊ အသက်ဆုံးရှုံးအောင်၊ အများပြည်သူတွေ အသက်အန္တရာယ် ဒါမှမဟုတ် လုံခြုံမှုဘေးအန္တရာယ်ဖြစ်အောင် ဒီလို ဒုက္ခတွေ၊ အန္တရာယ်တွေဖြစ်မယ်ဆိုတာသိလျက်နဲ့ အများပြည်သူဆိုင်ရာ မီးရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ် ဒါမှမဟုတ် အခြားယာဉ်တစ်မျိုးမျိုးကို ဖျက်ဆီးစေတာ၊ ပျက်စီးစေတာ၊ အများပြည်သူဆိုင်ရာလမ်း၊ မီးရထားလမ်း၊ မီးရထား တံတား၊ ဒါမှမဟုတ် တခြားတံတားကို ဖျက်ဆီးစေတာ၊ ပျက်စီးစေတာ၊ အများပြည်သူ ဆိုင်ရာ ရေလှောင်ကန်၊ ရေပေးအလုပ်ကိရိယာ၊ ဒါတွေနဲ့ ဆက်သွယ်ထားတဲ့ ရေပိုက်ကြီးကို ဖျက်ဆီးတာ၊ ပျက်စီးစေတာ၊ အများပြည်သူဆိုင်ရာဆည်ကိုဖျက်ဆီးတာ၊ ပျက်စီးစေတာ ဒီပြစ်မှုတွေ ကျူးလွန်ရင် သေဒဏ်ထိုက်သင့်စေရမယ်လို့ပြဋ္ဌာန်းထားတယ်။ ပုဒ်မခွဲ(၂)မှာ ပြဋ္ဌာန်းထားတာကတော့ ဘယ်သူမဆို အများပြည်သူတွေ ဒုက္ခဖြစ်အောင်၊ အသက်ဆုံးရှုံးအောင်၊ အများပြည်သူရဲ့အသက် ဒါမှမဟုတ် လုံခြုံမှုကို ဘေးအန္တရာယ်ဖြစ်အောင် ကြံစည်ပြီး လုပ်ရန်ဖြစ်စေ၊ ဒါမှမဟုတ်ဒီလိုအန္တရာယ်တွေဖြစ်လိမ့်မယ်ဆိုတာသိလျက်နဲ့ ဖြစ်စေ၊ ပုဒ်မခွဲ(၁)မှာ ဖော်ပြထားတဲ့ အရာဝတ္ထုတစ်ခုခုကို ဖျက်ဆီးဖို့ မိုင်းဗုံးဖြစ်စေ၊ ယမ်းဘီလူးဖြစ်စေ တစ်နည်းနည်း အသုံးပြုလျှင် ဒီလူကို သေဒဏ်ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်းထားတယ်။ ပုဒ်မ ၆-က ရဲ့ ပုဒ်မခွဲ(၃) မှာ ပြဋ္ဌာန်းထားတာကတော့ ဒီပုဒ်မရဲ့ ပုဒ်မခွဲ(၁) နဲ့ (၂)မှာ ဘယ်လိုပဲပါစေဦးတော့၊ အတင်းအဓမ္မခြိမ်းခြောက်ခံရလို့ အဲဒီပုဒ်မခွဲ(၁)ဒါမှမဟုတ်ပုဒ်မခွဲ(၂)မှာဖော်ပြထားတဲ့ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရင် ခုနစ်နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုး ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်းထားတယ်။"

မနီလာ။ "ပုဒ်မ ၆-က အရ အရေးယူဖို့ပြဋ္ဌာန်းထားတဲ့ ပြစ်မှုတွေကလည်း အကြမ်းဖက်တဲ့ ပြစ်မှုတွေပဲဖေဖေ။ အများပြည်သူတွေ အသက်အန္တရာယ်ဖြစ်စေနိုင်တဲ့ မီးရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်တွေ၊ လမ်းတွေ၊ တံတားတွေ၊ ရေလှောင်ကန်တွေ၊ ဆည်တွေကို ဖောက်ခွဲဖျက်ဆီးတာ အကြမ်းဖက်မှုတွေမဟုတ်ဖူးလားဖေဖေ။"

ဦးမြင့်။ "မှန်တာပေါ့။ ခုခေတ်မှာတော့ အကြမ်းဖက်မှုအဖြစ် သတ်မှတ်ကြတဲ့ လုပ်ရပ်တွေပေါ့။ ပြစ်မှုကြောင့် ဖြစ်ပေါ်နိုင်တဲ့ ထိခိုက်နစ်နာ ဆုံးရှုံးမှုတွေဟာ များပြားကြီးမားနိုင်တဲ့အတွက်ဒီပြစ်မှုတွေအတွက် ပြစ်ဒဏ်ကိုလည်း သေဒဏ်ကျခံစေဖို့ ထိရောက်စွာ သတ်မှတ်ခဲ့ကြပါတယ်။ ဒီပြစ်မှုတွေ ကျူးလွန်တဲ့အခါ ပါဝင်တဲ့သူတစ်ယောက်အနေနဲ့ သူဟာ အတင်းအဓမ္မခြိမ်းခြောက်ခံရလို့ ပြစ်မှုကျူးလွန်ရမှာပါရတာပါလို့ဆင်ခြေပေးလို့မရဘူး။ သူများခြိမ်းခြောက်ခံရလို့ဖြစ်ဖြစ် ဒီပြစ်မှုမျိုးမှာပါဝင်ရင် ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်နိုင်တယ်ဆိုတာ တွေ့ရပါတယ်။"

(ဆက်လက်ဖော်ပြပါမည်။)

သစ်တောရေးရာဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

သစ်တောရေးရာဝန်ကြီးဌာန ၂၀၀၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်၇နာရီတွင် နေပြည်တော်ရှိသစ်တောရေးရာဝန်ကြီးဌာန၌ကျင်းပရာသစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ ကံ့ကော်ပင်ကိုစိုက်ပျိုးပေးပြီး သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များက ပိတောက်၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ခရေ၊ ပုန်းညက်ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဝန်ကြီးသည် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တပျော်တပါး ပါဝင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ပိတောက်၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ခရေ၊ ပုန်းညက်စသည့် သစ်ပင်၅၄၈ပင် စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန ၂၀၀၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သစ်တောရေးရာ)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ ယနေ့လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက လက်ခံသည်။

အလှူရှင်များမှာ မဖူးဖူးကြည်သာ(တတိယနှစ်၊ သစ်တောတက္ကသိုလ်)က ငွေကျပ်တစ်သိန်း၊ မောင်ပီတာရွှေသိန်း၊ မောင်ဇော်ဇော်ဦး၊ မညိုမီထွန်း(တတိယနှစ်၊ သစ်တောတက္ကသိုလ်)က ငွေကျပ် ၈၀၀၀၊ တပ်ကြပ်ကြီးချိုဝင်း(ငြိမ်း)မိသားစု (၃၇)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)ကငွေကျပ်တစ်သိန်းနှင့် မန္တလေးတိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် လှူဒါန်းငွေကျပ် ၅၉၉၃သိန်းတို့ဖြစ်သည်။

ယနေ့လက်ခံရရှိသည့်အလှူငွေစုစုပေါင်းမှာ ကျပ်၅၉၉၅၀၈၀၀၀ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇူလိုင် ၂၁

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၄ရက်တွင် ဖျာပုံမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးခန်းဖွင့်လှစ်၍ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တွင် ကလေးအထူးကုဆရာဝန် ဒေါက်တာခင်စန်းအေး၊ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန် ဒေါက်တာယဉ်ယဉ်သိန်း၊ အထွေထွေရောဂါကုဆရာဝန် ဒေါက်တာသက်နိုင်ထွန်း၊ ဒေါက်တာနွေးအိဖြူနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများပါဝင်ပြီး ဖျာပုံမြို့နယ် ပြည်သူ့ဆေးရုံရှိ ကျန်းမာရေးဆပ်ကော်မတီဆေးခန်း၌ အထွေထွေရောဂါလူနာများအား စမ်းသပ်ကုသပေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များအား စမ်းသပ်ကုသပေးခြင်း၊ ကလေးလူနာများအား စမ်းသပ်ကုသပေးခြင်း၊ ကလေးငယ်များအား ပေါင်ချိန်ပေးခြင်း၊ ကလေးများဖွံ့ဖြိုးမှုတိုင်းထွာခြင်း၊ အာဟာရတိုက်ကျွေးခြင်းများအပြင် ကျန်းမာရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာ(၁၆)အုပ်စု၌ ကျွဲ၊ နွားကာကွယ်ဆေးထိုးနှံ၊ အားဖြည့်အစာတောင့်များပေးဝေ

ရန်ကုန် ဇူလိုင် ၂၁

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် မော်လမြိုင်ကျွန်း မြို့နယ် လေဘေးသင့်ကျေးရွာများ၌ လယ်ယာလုပ်ငန်းဝင်ရောက်လျက်ရှိသော ကျွဲ၊ နွားများ ကျန်းမာသန်စွမ်းစေရေးအတွက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းကြည်နှင့် အထူးအဖွဲ့ခေါင်းဆောင် ဒေါက်တာမောင်ကြန်နှင့်အဖွဲ့သည် ဇူလိုင်၁၆ရက်တွင် ကျွန်းချောင်းကျေးရွာအုပ်စု သံခနောက်နှင့် အုတ်ပုံကျွန်း ဘိုးကျေးရွာ များ၌ ကျွဲ၊ နွား၁၂၆ကောင်အားလည်းကောင်း၊ ဇူလိုင်၁၈ရက်တွင် ရှောက်ချောင်းကျေးရွာအုပ်စု မြစ်တိုကျေးရွာ၌ ကျွဲ၊ နွား၄၂ကောင်နှင့် ငွေဇင်ယော်ကျေးရွာ၌ ကျွဲ၊ နွားကောင်ရေ၅၀တို့အား ကျွဲ၊ နွား ခွာနာ၊ လျှာနာရောဂါ၊ လည်ချောင်းကွဲရောဂါကာကွယ်ဆေးများထိုးနှံကုသပေးခဲ့သည့်အပြင် ကျွဲ၊ နွား အားဖြည့်အစာတောင့်များကိုလည်း ပေးဝေခဲ့ကြသည်။

အဆိုပါကွင်းဆင်းအဖွဲ့နှစ်ဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာအုပ်စု (၁၆)အုပ်စုသို့ လှည့်လည်ပြီး ကျွဲ၊ နွား လျှာနာ ခွာနာရောဂါများ၊ လည်ချောင်းကွဲရောဂါကာကွယ်ဆေးများထိုးနှံကုသပြီး ကျွဲ၊ နွားအားဖြည့်အစာတောင့်များလည်း ပေးဝေလျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အလုပ်သမားနှင့် အမှတ်(၁) လျှပ်စစ်တို့ ဂိုးပြတ်နိုင်

နေပြည်တော် ဇူလိုင် ၂၁

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို နေပြည်တော်ဘောလုံးကွင်းနှင့် ပေါင်းလောင်း အားကစားပြိုင်ကွင်းတို့၌ ယနေ့ ညနေ ၄ နာရီက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်းတွင် (ခ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာန အသင်းက ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို လည်းကောင်း၊ ပေါင်းလောင်းအားကစားကွင်းတွင် (ခ)အုပ်စုမှ အမှတ်(၁)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဘောလုံးအသင်းက တရားရုံးချုပ်ဘောလုံးအသင်းကို လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

(နေပြည်တော်ကွင်း)

အလုပ်သမား	**ခြောက်ဂိုး**
[သန်းဇော် နှစ်ဂိုး၊ ဝဏ္ဏဖေယျာလွင်၊ ဇော်လင်းအောင်၊ အောင်ကိုဝင်း၊ ဖြိုးမောင်မောင်ဦးတို့ တစ်ဂိုးစီ]	
ယဉ်ကျေးမှု	**နှစ်ဂိုး**
(ဉာဏ်လင်းထွန်း နှစ်ဂိုး)	
ဒိုင်လူကြီး	**ဦးဝင်းကျော်ဦး (အဖွဲ့ချုပ်)**

(ပေါင်းလောင်းကွင်း)

အမှတ်(၁)လျှပ်စစ်	**ရှစ်ဂိုး**
[သန့်ဇော်လှိုင် သုံးဂိုး၊ ချစ်ကိုကို နှစ်ဂိုး၊ အောင်စည်သူ၊ ချမ်းသာဝင်း၊ စောချစ်ထွန်းတို့ တစ်ဂိုးစီ]	
တရားရုံးချုပ်	**(ဂိုးမရှိ)**

၂၂-၇-၂၀၀၈

(နေပြည်တော်ကွင်း)

(ဂ)အုပ်စု
ရထားပို့ဆောင်ရေး
နှင့်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး

(ပေါင်းလောင်းကွင်း)

(ဂ)အုပ်စု
ပြန်ကြားရေး
နှင့်
ဆောက်လုပ်ရေး

(၁၀၇)

မြန်မာလိဂ်အဆင့်မြင့်တန်းကွင်းပိတ် ဘောလုံးဗိုလ်လုပွဲ စီးပွား/ကူးသန်းနှင့် ဘဏ္ဍာ/အခွန် ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းပိတ် (ရှုံး/ထွက်)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၂၂ ရက် (ယနေ့)ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ကျင်းပသွားမည်ဖြစ်ရာ လက်ရှိချန်ပီယံ စီးပွား/ကူးသန်းအသင်းနှင့်ဘဏ္ဍာ/အခွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

စီးပွား/ကူးသန်းအသင်းသည် ယခုပြိုင်ပွဲတွင်ပထမအဆင့်၌ တပ်မတော်(ကြည်း)အသင်းကို ငါးဂိုး-တစ်ဂိုး၊ ကွာတားဖိုင်နယ်တွင် ကာကွယ်ရေးကို သုံးဂိုး-တစ်ဂိုး၊ အကြိုဗိုလ်လုပွဲတွင် Royal Eleven F.C ကို နှစ်ဂိုး-ဂိုးမရှိ တို့ဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက်လာခြင်းဖြစ်သည်။ ထို့အတူ ဘဏ္ဍာ/အခွန်အသင်းသည် ပထမအဆင့်တွင် တပ်မတော်(ရေ) အသင်း နုတ်ထွက်သွား၍ ကွာတားဖိုင်နယ်သို့ အလိုအလျောက် တက်ရောက်ခဲ့ပြီး ကွာတားဖိုင်နယ်တွင် လယ်/ဆည်ကို ငါးဂိုး-နှစ်ဂိုး၊ အကြိုဗိုလ်လုပွဲတွင် ပြည်ထဲရေးကို သုံးဂိုး-နှစ်ဂိုးတို့ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်လာခြင်းဖြစ်သည်။

စီးပွား/ကူးသန်းအသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့၏တွေ့ဆုံမှုမှာ ယခုနှစ်ရာသီအတွင်း လေးကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ပြီး ကွင်းဖွင့်ချန်ပီယံ စီးပွား/ကူးသန်းနှင့်အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/အခွန်တို့အတွက် နောက်ထပ် ဒုတိယမြောက်ဆုဖလား ဆွတ်ခူးရရှိရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(ကြေးမုံ)

ရန်ကုန်တိုင်း အားကစားမြင့်မားရေးအတွက် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၁ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပန်းဘဲတန်းမြို့နယ် (၂၆)လမ်းရှိ သာရေး၊ နာရေး၊ လူမှုရေးအဖွဲ့ အစည်းဖြစ်သည့် မူစလင်ဝါရီယာဝ်စွန္နီအုပ်ချုပ်ရေးအဖွဲ့ (V.S. V.P.TRUST)က **ငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးလှစိုးလက်ခံရယူစဉ်။** (က-ပ)

ငါးသိုင်းချောင်းအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၁

ငါးသိုင်းချောင်းအသင်း (ရန်ကုန်)၏ ဘုရားအနေကဇာ တင်လှူပွဲ၊ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် အသင်းတိုက်ခန်းဖွင့်ပွဲကို ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့)နံနက် ၆ နာရီတွင် အသင်းတည်နေရာ အမှတ်-၁၃၆/ပထပ် (လယ်) ဗားဂရာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည် ဖြစ်ရာ အသင်းသူ၊ အသင်းသားများ နှင့် နယ်သူ၊ နယ်သားများ ဖိတ်စာ ရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၇၂၆၈၉၅၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်ကြည် ဖုန်း-၃၈၁၉၄၇၊ အတွင်းရေးမှူး ဦးအုန်းမြင့် ဖုန်း-၇၂၃၇၅၆၊ အလုပ်အမှုဆောင် ဦးစိုးမြင့် ဖုန်း-၅၄၃၂၈၅နှင့် ဦးမျိုးမြင့် ဖုန်း-၅၁၈၂၃၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (က-ပ)

မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၁

မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် ဇေဝတန်အောင်စံ ပရိယတ္တိစာသင်တိုက် ကျေးတမာလမ်း ၁၄/၂ ရပ်ကွက် ဥက္ကလာပစေတီအနီး၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ၊ နယ်သူ နယ် သားများ ကြွရောက်ကြပါရန်နှင့် ဝါဆိုသင်္ကန်း၊ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ-ဦးအေးမောင် ဖုန်း - ၅၁၉၂၀၀၊ အလုပ်အမှုဆောင် ဒေါ်နုနု ဖုန်း - ၇၀၉၁၁၂၊ အလုပ်အမှုဆောင်-ဦးစောသိန်း ဖုန်း-၃၉၄၈၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၂၅)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၁

၁၉၉၆ ခုနှစ်က စတင်ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံ၏ သက်တမ်းအရှည်ဆုံး ပြည်တွင်း ပြည်ပ သတင်းဂျာနယ်ဖြစ်သည့် ပြည်မြန်မာသတင်းဂျာနယ်၏ ယခုတစ်ပတ်ထုတ်ဂျာနယ် အမှတ်(၆၂၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း(၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် မြန်မာနိုင်ငံမှ ကွန်တိန်နာတင် သင်္ဘောလိုင်းများ တိုးချဲ့ပြေးဆွဲ၊ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းမကြီးရှိ အထည်ဆိုင်မှ လူသတ်မှုသတင်းနှင့် ပတ်သက်၍၊ လေအားလျှပ်စစ်ကို ကျေးလက်များ၌သာမက ရန်ကုန်စက်မှုဇုန်များတွင်ပါ အသုံးပြုလာ၊ Myanmar's Leading Hotel ဆုကို ဆီဒိုးနားဟိုတယ်(ရန်ကုန်)ကရရှိ၊ ရေငန်ဝင်လယ်ယာများ ရေသွင်းရေထုတ် စနစ်တကျလုပ်ရုံဖြင့် မြေဆီလွှာကို ထိရောက်စွာပြုပြင်နိုင်၊ ကျော်ဟိန်းက ယခုနှစ် နိုဝင်ဘာလ ၄ ရက် ည သန်းခေါင်မှစ၍ အနုပညာအလုပ်မှနားကာ ရာသက်ပန်ဘုန်းကြီးဝတ်မည်ဟု ကြေညာလိုက်သဖြင့်. . .၊ စင်ကာပူမှာကျောင်းသူဖြစ်ခဲ့တဲ့ မိုးဟေကို၊ ဒွေးတစ်နှစ်ပြည့် အမှတ်တရ သီချင်းခွေဖြန့်ချိ၊ စင်တင်ဖျော်ဖြေပွဲများသီဆိုခြင်းကို သုံးနှစ်ကျော်ရပ်နားထားခဲ့သည့် လေးဖြူ ရှေ့လ ၁၆ ရက်တွင် ပြန်လည်သီဆိုဖျော်ဖြေမည်၊ ရုပ်မြင်နိုင်သည့် 3G WCDMA ကို ဘယ်လိုသုံးမလဲ၊ Black Hole အဖွဲ့နှစ်ဖွဲ့ ရှိနေသဖြင့်. . .၊ ရာသီဥတုဖောက် ပြန်မှုများကို ကာကွယ်ရန်အတွက် ရေပေါ်မြို့တော်များတည်ဆောက်မည်၊ မြေ ၁၁ ဧကနှင့် အိမ်တစ်လုံးကို ၅၅ ဒေါ်လာဖြင့်သာ ရောင်းချမည်ဟုဆို၊ ငါးမန်းများနှင့်အတူ ရေလွှာလျှောစီးကြသူများ၊ မယ်စကြဝဠာပြိုင်ပွဲတွင် အမေရိကန်အလှမယ်များ နှစ်နှစ်ဆက်တိုက် ချော်လဲကျခဲ့ကြ၊ နိုင်ငံတကာ စက်ရုပ်ဖလား ဘောလုံးပြိုင်ပွဲကို တရုတ်တွင်ကျင်းပ၊ China Southern Airlines ကြယ်ငါးပွင့်အဆင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဂုဏ်ပြုဆုချီးမြှင့်ခံရ၊ မြန်မာကျေးလက်၌ နေရောင်ခြည်စွမ်းအင်သုံး လက်ဆွဲမီးအိမ်များ အသုံးပြုနိုင်ရန် အိန္ဒိယစီစဉ်၊ ရေအောက်၌ ဘဲလေးကကြသူများ၊ ခေတ်ခွဲခန်း၌ ခွေးပိုင်ရှင်များ မိမိတို့၏ခွေးကို ပုံတူမျိုးပွားနိုင်ပြီ စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံ ထည့်သွင်းဖော်ပြထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

"အို" အဆင့် ခရစ်ကက်နည်းပြသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အာရှ ခရစ်ကက်ကောင်စီနှင့် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်တို့က ပူးပေါင်း၍ Level. O. Cricket Coaching Course သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွှန့်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်၊ အမှုဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ခရစ်ကက် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွှန့်ဝင်းက အမှာစကားပြောကြားပြီး Acc Cricket Development Officer Mr. Aminul Islam က နှုတ်ခွန်းဆက်စကားပြောကြားသည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်း သူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာဇူလိုင် ၂၀ ရက်မှ ၂၃ ရက် အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ကမ္ဘာ့မှတ်တမ်းဝင် အားကစားသမားများ

ဘော်လီဘောဂရင်းပရီဆု အများဆုံးရသည့် အမျိုးသမီးအသင်း

ကမ္ဘာ့အမျိုးသမီး ဘော်လီဘောဂရင်းပရီဆု အများဆုံးဆွတ်ခူးရရှိသောအသင်းမှာ ဘရာဇီးအသင်း ဖြစ်သည်။ ဘရာဇီးအမျိုးသမီး ဘော်လီဘောအသင်းသည် ဂရင်းပရီဆုကို ၁၉၉၄၊ ၁၉၉၆၊ ၁၉၉၈၊ ၂၀၀၄၊ ၂၀၀၅ နှင့် ၂၀၀၆ ခုနှစ်တို့တွင် ခြောက်ကြိမ်တိုင်တိုင် အများဆုံး ဆွတ်ခူးနိုင်ခဲ့သည်။ အပေါ်ပုံမှာ ၂၀၀၆ ခုနှစ် ဩဂုတ်လက တိုကျိုမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဘော်လီဘောဂရင်းပရီပြိုင်ပွဲတွင် ဘရာဇီးအသင်းမှ ဖာဘီယာနာကလော်ဒီနို ယှဉ်ပြိုင်နေပုံဖြစ်သည်။

သဲသောင်ပြင် အမျိုးသမီးဘော်လီဘောပြိုင်ပွဲ တိုက်စစ်အကောင်းဆုံးဆု အကြိမ်အများဆုံးရသူ

သဲသောင်ပြင်ဆုကြေးစား ဘော်လီဘောပြိုင်ပွဲတွင် နှစ်အလိုက် တိုက်စစ်အကောင်းဆုံးဆု အကြိမ်အများဆုံး ဆွတ်ခူးရရှိသူ ဘော်လီဘောမယ်မှာ အမေရိကန်မှMisty May-Treanor ဖြစ်သည်။**(အပေါ်ပုံ)**သူမသည် နှစ်အလိုက်အကောင်းဆုံး တိုက်စစ်ဆင်သူအားကစားဆုကို ၂၀၀၄၊ ၂၀၀၅ နှင့် ၂၀၀၆ ခုနှစ်တို့၌ သုံးကြိမ်ဆက်တိုက် ဆွတ်ခူးရရှိခဲ့သည်။

ကမ္ဘာ့ဟော်ကီ ချန်ပီယံဆု အများဆုံးရရှိသည့်အသင်း



ကမ္ဘာ့ဟော်ကီပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကို အများဆုံး ဆွတ်ခူးရရှိသော အသင်းများမှာ ဂျာမနီ၊ ဟော်လန်နှင့် ဩစတြေးလျအသင်းတို့ဖြစ်ကြပြီး ရှစ်ကြိမ်စီ ဆွတ်ခူးရရှိခဲ့သည်။ ဂျာမနီအသင်းသည် ၁၉၈၆၊ ၈၇ နှင့် ၈၈ (အနောက်ဂျာမနီ)၊ ၁၉၉၁၊ ၉၂၊ ၉၅၊ ၉၇နှင့် ၂၀၀၁ ခုနှစ် တို့၌ လည်းကောင်း၊ ဟော်လန်အသင်းသည် ၁၉၈၁၊ ၈၂၊ ၉၆၊ ၉၈၊ ၂၀၀၀၊ ၂၀၀၂၊ ၂၀၀၃နှင့် ၂၀၀၆ ခုနှစ် တို့၌ လည်းကောင်း၊ဩစတြေးလျအသင်းသည် ၁၉၈၃၊ ၈၄၊ ၈၅၊ ၈၉၊ ၉၀၊ ၉၃၊ ၉၉ နှင့် ၂၀၀၅ ခုနှစ် တို့၌ လည်းကောင်းရှစ်ကြိမ်စီဗိုလ်စွဲခဲ့သည်။ ယာပုံမှာ ဩစတြေးလျအသင်းမှ မိုက်ကယ်မက်ကန်း ဖြစ်သည်။

ကမ္ဘာ့ဖလား အမျိုးသမီးဟော်ကီပြိုင်ပွဲတွင် ဟော်လန်အသင်းသည် ၁၉၇၄၊ ၇၈၊ ၈၃၊ ၈၆၊ ၉၀ နှင့် ၂၀၀၆ ခုနှစ်တို့၌ ခြောက်ကြိမ်တိုင် အများဆုံးဗိုလ်စွဲထားသောအသင်းအဖြစ် ဂင်းနစ်မှတ်တမ်းစာအုပ်၌ ဖော်ပြခြင်းခံရသည်။



ဗြိတိန်တွင်ကျင်းပသည့် ဖန်ဘိုရပ် အပြည်ပြည်ဆိုင်ရာ လေကြောင်းပြပွဲပိတ်ပွဲနေ့တွင် အုပ်စုလိုက် အစွမ်းပြ ပျံသန်းနေသောလေယာဉ်များကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်တွင် နေတိုးတပ်ဖွဲ့များ၏ မှားယွင်းပစ်ခတ်မှုကြောင့် အရပ်သားလေးဦး သေဆုံး၊ လေးဦး ဒဏ်ရာရ

ကဘူး ဇူလိုင် ၂၀

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပတ်တီကာပြည်နယ်တွင် နိုင်ငံတကာ လုံခြုံရေး အထောက်အကူပြုမှု တပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) ၏ လက်ချက်ကြောင့် အရပ်သားလေးဦး လက်နက်ကြီး ထိမှန်သေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိသွားကြောင်း ၎င်းတပ်ဖွဲ့မှ ဇူလိုင် ၂၀ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့များက ပစ်ခတ်လိုက်သော စိန်ပြောင်းဗုံးသီး နှစ်လုံးသည် ပတ်တီကာ ပြည်နယ် ဘာမဲလ်အရပ်တွင် ကျရောက် ပေါက်ကွဲခဲ့သဖြင့် အရပ်သားများ ထိခိုက် သေကျေရခြင်းဖြစ်ကြောင်း သိရသည်။ ထိုစိန်ပြောင်းကျည်များသည် ပစ်မှတ်မှ တစ်ကီလိုမီတာနီးပါး ကွာဝေးသောနေရာ၌ကျရောက်ခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။ နောက်ထပ် သေဆုံးသူသုံးဦးလည်း ရှိသေးကြောင်း သတင်း ထွက်ပေါ်လာသော်လည်း အတည်ပြုနိုင်ခြင်း မရှိသေးကြောင်း သိရသည်။ ယခုအခါဒဏ်ရာရရှိသွားသူများမှာ အဆိုပါတပ်ဖွဲ့၏ ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသည်ဟု သတင်းကဖော်ပြသည်။ **အင်တာနက်။**

အီရတ်တွင် ပြန်ပေးဆွဲခံရသူ ဗြိတိန်နိုင်ငံသား ကိုယ့်ကိုယ်ကိုယ် သတ်သေ

လန်ဒန် ဇူလိုင် ၂၀

လွန်ခဲ့သော တစ်နှစ်ကျော်ခန့်က အီရတ်နိုင်ငံတွင်ရှိုးယိုက်လက်နက်ကိုင်များ ပြန်ပေးဆွဲသွားသည်ဆိုသော ဗြိတိသျှလူမျိုး ငါးဦးအနက်တစ်ဦးမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားပြီဖြစ်ကြောင်း ဗြိတိန်သတင်းစာတစ်စောင်က ဖော်ပြသည်။

မိမိကိုယ်မိမိ သတ်သေသွားသူမှာ ဂျာဆင်ဆိုသူဖြစ်ကြောင်း အာရပ်ဘာသာဖြင့်ထုတ်လွှင့်သော သတင်းထုတ်ပြန်ချက်တွင်ပါရှိသော အချက်အလက်ကို အထောက်အထားပြု၍ ဆန်းဒေးတိုင်းမ်သတင်းစာက ဖော်ပြလိုက်ခြင်းဖြစ်သည်။ ဇူလိုင် ၂၀ ရက်တွင် ထုတ်လွှင့်သည့် ဝက်ဘ်ဆိုက်တွင် ဂျာဆင်မှာ မေ ၂၅ရက်က သတ်သေသွားခြင်းဖြစ်သည်ဟု ဆိုထားသည်။

လွှတ်ပေး

ပြန်ပေးဆွဲသွားသူများက အီရတ်ရှိ ဗြိတိန် တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက ဖမ်းဆီးထားသော အီရတ်အကျဉ်းသားများကို လွှတ်ပေးရမည်ဟု တောင်းဆိုခဲ့ကြသည်။

ပြန်ပေးသမားများ၏ တောင်းဆိုမှုကို အလေးမထားခြင်း၊ အရေးယူတုံ့ပြန်ရာတွင် နှောင့်နှေးနေခြင်းစသည့် အကြောင်းများကြောင့် ပြန်ပေးဆွဲခံရသူများ၏ စိတ်ဓာတ်ကို ပျက်ပြားစေပြီး ယခုကဲ့သို့ ဂျာဆင်သတ်သေသွားရခြင်းဖြစ်ကြောင်း တိုင်းမ်သတင်းစာက အပြစ်တင် ရေးသားသည်။

အင်တာနက်။

ဆန်တာခရုဇ်ကျွန်း ပင်လယ်ပြင်၌ အင်အားပြင်းငလျင်လှုပ်

ဟောင်ကောင် ဇူလိုင် ၂၀

ပစိဖိတ်ဒေသတောင်ဘက်ဆန်တာကရုဇ်ကျွန်း ပင်လယ်ပြင်တွင် ဇူလိုင် ၁၉ရက် ကမ္ဘာ့စံတော်ချိန် နံနက် ၉နာရီ ၃၇မိနစ်က ရစ်ချ်တာစကေး ၆ ဒသမ ၇အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်သွားကြောင်း ဟောင်ကောင်အခြေစိုက် ငလျင် တိုင်းတာရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

အဆိုပါငလျင်သည်ဆော်လမွန်ကျွန်း ဟိုနီယာရာဒေသအရှေ့နှင့် အရှေ့တောင်ဘက် ကီလိုမီတာ ၅၃၀ ခန့်အကွာရှိ ပင်လယ်ပြင်ကို ဗဟိုပြု၍ လှုပ်ခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးပျက်စီးမှုနှင့် ပတ်သက်သည့် သတင်းများကို မရရှိသေးကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

နယ်စပ်အစောင့်တပ်ဖွဲ့ဝင်နှစ်ဦး အသတ်ခံရမှု ဘင်္ဂလားဒေ့ရှ်အစိုးရ တရားဝင်ကန့်ကွက်ထားဟုဆို

ဒါကာ ဇူလိုင် ၂၀

ဘင်္ဂလားဒေ့ရှ် နယ်စပ်အစောင့်တပ်ဖွဲ့ဝင်နှစ်ဦး ယခုရက်သတ္တပတ်တွင် သေနတ်ဖြင့် ပစ်သတ်ခံရမှုနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ် အစိုးရက အိန္ဒိယအစိုးရအား တရားဝင်ကန့်ကွက်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ် တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အိန္ဒိယနယ်စပ်စောင့်တပ်ဖွဲ့ဝင်တစ်ဦး ကြာသပတေးနေ့က အပြန်အလှန်ပစ်ခတ်မှုအတွင်း သေဆုံးခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်က သောကြာနေ့တွင် ပြောကြားသည်။ သို့ရာတွင် နယ်စပ်လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးသာ ယင်းဖြစ်ရပ်အတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်အစိုးရက ထုတ်ပြန်သည့် ကြေညာချက်တွင် ပါရှိသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်း ကျူးကျော်ပြီး တပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုသည် လက်ခံနိုင်စရာမရှိကြောင်း၊ အိန္ဒိယအာဏာပိုင်များ အနေဖြင့် တာဝန်ရှိသူများအား သင့်လျော်သည့် အရေးယူဆောင်ရွက်မှု ပြုမည်ဟု မျှော်လင့်ပြီး နောက်ထပ် ယင်းကဲ့သို့ဖြစ်ရပ်များ မပေါ်ပေါက်စေရန် အာမခံသင့်ကြောင်း ဘင်္ဂလားဒေ့ရှ်၏ ကန့်ကွက်စာတွင် ရေးသားဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့အသေးဆုံး ကာရာအိုကေစက်

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ပြသထားသောယန်းငွေ၁၀၅၀၀ တန်ဖိုးရှိ ကမ္ဘာ့အသေးဆုံး ကာရာအိုကေစက်ကို ဇူလိုင် ၁၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမည်းနှင့် အဖြူ မတူသောအမြွှာနှစ်ဦးမွေးဖွား

ပေကျင်း ဇူလိုင် ၁၈

ဂျာမနီနိုင်ငံတွင် မျိုးနွယ်မတူသော မိဘနှစ်ပါးမှ အဖြူနှင့် အမည်း အမြွှာ ညီအစ်ကို နှစ်ဦးကို မွေးဖွားခဲ့သည်။

ဂျာမန်အမျိုးသားနှင့် အိမ်ထောင်ကျသူ ဂါနာလူမျိုး အမျိုးသမီးမှ ဇူလိုင် ၁၁ရက်တွင် မွေးဖွားလာသော အမြွှာညီအစ်ကို နှစ်ဦးကို တူညီဝတ်စုံများ ဝတ်ဆင်ပေးထားသော်လည်း ၎င်းတို့ နှစ်ဦး၏ အသားအရောင်မှာ သိသာထင်ရှားစွာ ကွဲပြားခြားနားနေသည်ကို တွေ့မြင်ရသည်။

အမြွှာအကြီး ရိုင်ယန်သည် အသားဖြူဖြူ မျက်လုံးပြာပြာဖြစ်ပြီး အမြွှာအငယ်လီယိုမှာမူ အသားမည်းပြီး မျက်လုံးညိုသည်။

သားဖွားဆောင်မှ အကြီးအကဲ ဒေါက်တာ ဘိုင်ယာဝစ်က “ကျွန်တော်တို့ အားလုံး ယုံတောင် မယုံနိုင်ကြဘူး၊ ကလေး နှစ်ဦးစလုံးဟာ အဖေတစ်ဦးတည်းပါ” ဟု ပြောကြားသည်။

ကလေးများ၏ ဖခင်ဖြစ်သူ စတီဖင်ဂျာရတ်သည် ဂျာမန်လူမျိုးဖြစ်ပြီး မိခင်ဖလော်ရင့် အက်ဒိုဂျာရတ်သည် ဂါနာလူမျိုးဖြစ်သည်။

“ဒါဟာတကယ်ကို အံ့သြစရာပါ” ဟု ဖခင်ဖြစ်သူ ဂျာရတ်က ဂျာမန်သတင်းစာ ဒိုင်းဝက်သို့ ပြောကြားသည်။ ၎င်းတို့အတွက် ကလေးများ၏ အသားအရောင် ကွဲပြားမှုမှာ အဓိကမဟုတ်ကြောင်း၊ ကလေးနှစ်ဦး၏ ကျန်းမာရေးသာ အဓိကဖြစ်ကြောင်း ထပ်မံပြောကြားသည်။

အင်တာနက်။

ကြေးမုံ The Mirror အင်တာနက်ကျန်းမာရေးသတင်း

တစ်မိတည်းမှ မွေးသည့် အသားအရောင် ကွဲပြားသည့် အမြွှာ ညီအစ်ကို နှစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရန် အချိန်ဇယားသတ်မှတ်မှု မရှိသေးဟု ဗြိတိန်ဝန်ကြီးချုပ်ဘရောင်း ပြောကြား

ဘဂ္ဂဒက် ဇူလိုင် ၂၀

အီရတ်နိုင်ငံရှိ မိမိတို့၏ ဗြိတိန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းမည့် အချိန်ဇယားသတ်မှတ်ချက်မရှိသေးကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းက စနေနေ့တွင် ပြောကြားလိုက်သည်။

မိမိတို့၏ဆန္ဒက အီရတ်ရှိ တပ်ဖွဲ့ဝင်ဦးရေ လျှော့ချလိုကြောင်း၊ သို့ရာတွင် ယခုအချိန်တွင် အချိန်ဇယားသတ်မှတ်ခြင်း မရှိသေးကြောင်း ဘရောင်းက အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းထောက်များသို့ ပြောကြားသည်။ မိမိတို့သတ်မှတ်ထားသည့် ရည်ရွယ်ချက်များကို မည်သို့မည်ပုံဖြည့်ဆည်း ပြီး မည်သည့်အကျိုးဖြစ်ထွန်းမှုများ ပေါ်ထွက်လာမည်နည်း ဆိုသည့်ကိစ္စသည် မိမိတို့၏ စမ်းသပ်ချက်ပင် ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ ဘရောင်းသည် အီရတ်ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဘဂ္ဂဒက်သို့ စောစောပိုင်းက သွားရောက်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဂျီနီဗာမြို့ မြို့တော်ခန်းမတွင် အီရန်နျူကလီးယားပြဿနာ ဖြေရှင်းရန် ရောက်ရှိနေကြသော အီရန်စေ့စပ်ညှိနှိုင်းသူ ဆာအစ်ဒ်ဂျာလီလီနှင့် ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝါဒ အကြီးအကဲ ဂျာဗီယာဆိုလာနာတို့ ဇူလိုင် ၁၉ရက်က တွေ့ဆုံစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်နျူကလီးယားပြဿနာဆွေးနွေးကြမည်

ဂျီနီဗာ ဇူလိုင် ၂၀

အီရန်နိုင်ငံ၏နျူကလီးယားအစီအစဉ်အပေါ် အချိန်ကြာမြင့်စွာ အငြင်းပွားမှုများ အဆုံးသတ်ရန်အတွက် ဆွေးနွေးရေးကို အီရန်ကအဆင်သင့်ရှိနေခြင်းအား ကမ္ဘာ့အင်အားကြီးနိုင်ငံများက စနေနေ့တွင်တီးခေါက်ကြည့်မည်ဖြစ်သည်။ အဆိုပါတွေ့ဆုံပွဲများ ပိုမိုလိုအပ်မည်ဖြစ်ကြောင်း အီရန်နိုင်ငံက ပြောကြားသည်။ ဂျီနီဗာတွင် မပါစဖူး အမေရိကန် ထိပ်တန်းအရာရှိတစ်ဦး ပါဝင်လာသည့် တစ်ရက်ကြာ ဆွေးနွေးပွဲသည် အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က တိုက်ခိုက်ဖွယ်ရှိသည့် အလားအလာများ လျော့ပါးသွားသည်ဟု ဆိုသော အီရန်၏ သဘောထားမှတ်ချက်နှင့်အတူ တိုးတက်မှုရလိမ့်မည်ဟု မျှော်လင့်ချက်များ မြင့်မားလာခဲ့သည်။

အစစ်အမှန်

သို့သော် အီရန်နိုင်ငံက အရေးပါသော နျူကလီးယားစမ်းသပ်မှု များကို ရပ်ဆိုင်းမှ အစစ်အမှန်ဆွေးနွေးပွဲများကို စတင်နိုင်မည်ဟု အမေရိကန် တို့က တစိုက်မတ်မတ် တောင်းဆိုနေခြင်းကြောင့် အပြုသဘော အကောင်း မြင်ခြင်းများ လျော့ပါးသွားသည်။ အဆိုပါအမေရိကန်တို့၏ တောင်းဆိုမှုကို အီရန်နိုင်ငံက အကြိမ်ကြိမ်ငြင်းပယ်ခဲ့သည်။

အပြုသဘော

အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက ဆွေးနွေးပွဲမတိုင်မီ တီဟီရန်၌ မိန့်ခွန်းပြောရာတွင် ယခုဆွေးနွေးပွဲမှာ အပြုသဘော ဆောင်လိမ့်မည်ဟု ပြောကြားလျက်ကြိုဆိုလိုက်သည်။

အမ်အင်အေ၊ ရိုက်တာ။

ဘာသာဟာရီကိန်းမုန်တိုင်း အားပျော့သွား

မီယာမီ ဇူလိုင် ၂၀

၂၀၀၈ ခုနှစ်အတွင်း အတ္တလန္တိတ်သမုဒ္ဒရာမှလာသည့် တတိယမြောက် အပူပိုင်းမုန်တိုင်းဖြစ်သည့် ခရစ်စတိုဘယ်လ် ဟာရီကိန်းမုန်တိုင်းသည် အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းခြေတွင် စနေနေ့က ဝင်ရောက်တိုက်ခတ်ခဲ့ရာမှ ကာရိုလိုင်းနားပြည်နယ်တွင် လေပြင်းများ တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းလျက် သာမန်မုန်တိုင်းငယ်အဖြစ် အားပျော့ကာ အရှေ့မြောက်ပိုင်းသို့ ရွေ့လျားသွားကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

ဘာသာအမည်ရှိ ဟာရီကိန်းမုန်တိုင်းသည် အပူပိုင်းဒေသဖြစ်သည့် ဂျမေကာတောင်ပိုင်းတွင် လှိုင်းကြီးကာ အေးခဲသည့် မိုးရေများ သည်းထန်စွာ ရွာသွန်းပြီးနောက် မုန်တိုင်းငယ်အဖြစ်သို့ အားပျော့သွားပြီဖြစ်သည်။ ၎င်းမုန်တိုင်းသည် တစ်နာရီလျှင် အနည်းဆုံး ၇၄ မိုင် (၁၁၉ ကီလိုမီတာ) တိုက်ခတ်နိုင်သည့် ဟာရီကိန်းမုန်တိုင်းအဖြစ် ပြောင်းလဲလာနိုင်တော့မည် မဟုတ်ဟု အမေရိကန်ပြည်ထောင်စု အမျိုးသားမုန်တိုင်းဗဟိုဌာနကကြေညာသည်။

အမ်အင်အေ၊ ရိုက်တာ။

နိုင်ငံတကာသတင်းများ



အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကီးဝက်စ်မြို့တွင် ကျင်းပသည့် နာမည်ကြီး စာရေးဆရာ ဟဲမင်းဝေးနှင့် ပုံတူရွေးချယ်ပွဲ၌ ဆုရရှိသူအသက် ၆၉ နှစ်အရွယ်ရှိ တွန်ဂရစ်ဇဒတ်ကို ဇူလိုင် ၂၀ ရက်က ဆုယူအပြီး တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း၌ ဆူနာမီသတိပေးချက်ရုပ်သိမ်း

တိုကျို ဇူလိုင် ၂၀

ဂျပန်နိုင်ငံမိုးလေဝသဌာနက နိုင်ငံအရှေ့ဘက်ကမ်းခြေ ဟွန်ရှူးကျွန်းတွင် ငလျင်လှုပ်ပြီးနောက် နိုင်ငံအရှေ့မြောက်ဘက်တွင် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်းကို စနေနေ့က ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်သည်။ ငလျင်လှုပ်မှုကြောင့် အပျက်အစီးထိခိုက်မှု သတင်းများ မရရှိပေ။

အရှေ့ဘက်ကမ်းခြေ ဖူကူရှီမာနှင့် မီယာဂီတို့တွင် အကြီးမားဆုံးသော ဆူနာမီရေလှိုင်းမှာ ၂၀ စင်တီမီတာ (၇ ဒသမ ၉ လက်မ) သာရှိကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

အင်အားပြင်းငလျင်လှုပ်

အမေရိကန်နိုင်ငံ ဘူမိဗေဒလေ့လာရေးအဖွဲ့က ဂျပန်နိုင်ငံ အိုင်ဝါကီ၏ အရှေ့မြောက်ဘက် ၇၇ မိုင် (၁၂၃ ကီလိုမီတာ)အကွာ၊ ပစိဖိတ်သမုဒ္ဒရာအတွင်း ပင်လယ်ကြမ်းပြင်အောက် ၂၅ မိုင် (ကီလိုမီတာ ၄၀) အနက်တွင် ပြင်းအား ၇ ဒသမ ဝ ရှိသော ငလျင်သည် ဂရင်းနစ်စံတော်ချိန် ၀၂၃၉ နာရီတွင် လှုပ်သွားကြောင်း ကြေညာသွားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပေကျင်းမီးရထားလမ်းသစ်များ ဖွင့်လှစ်

ပေကျင်း ဇူလိုင် ၂၀

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ဇွန်လနှောင်းပိုင်းက ဖွင့်လှစ်ရန် စီစဉ်ထားခဲ့ရာမှ ရွှေ့ဆိုင်းထားခဲ့ရသည့် မီးရထားလမ်းသစ်နှစ်ခုကိုပြီးခဲ့သည့် စနေနေ့တွင်ဖွင့်လှစ်ခဲ့ကြောင်းနှင့် ခရီးသွားများအား ၎င်းတို့၏ ကားများကို မြို့တော်သန့်ရှင်းသာယာ လှပစေရေးအတွက် လာမည့်လတွင် ကျင်းပမည့် အိုလံပစ်ပွဲတော်မတိုင်မီအထိ မီးရထားဘူတာရုံအပြင်ဘက်တွင် ရပ်နားထားရန် တားမြစ်ချက် ထုတ်ပြန်ထားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ယခုအခါ ခရီးသွားများအနေဖြင့် မီးရထားလမ်းများကို စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်းနှင့် တတိယမြောက် မီးရထားလမ်းကိုမူ အိုလံပစ်အခမ်းအနားဖွင့်လှစ်ချိန်တွင် ရိုက်ကူးမှတ်တမ်းတင်မည့် သတင်းထောက်များသာ စီးနင်းလိုက်ပါရန်အတွက် စနေနေ့ နံနက်ပိုင်းတွင် သီးခြားဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ မီးရထားလမ်းသစ် သုံးခုအတွက် ယွမ် ၂၂ ဒသမ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ သန်း) သုံးစွဲခဲ့ပြီး အိုလံပစ်ပွဲတော်အတွင်းအဆင်ပြေချောမွေ့လွယ်ကူစွာ သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။ ထို့ပြင် ခရီးအကွာအဝေး ကီလိုမီတာ ၂၀၀ (၁၂၅ မိုင်) အထိ ရှိနိုင်သည့် မီးရထားလမ်းရှစ်ခုအား ထပ်မံဖွင့်လှစ်ရန် ကျန်ရှိသေးကြောင်း သိရှိရသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် လေယာဉ်ခရီးစဉ်ဖြင့် ပုံမှန်လိုက်ပါလေ့ရှိသော ခရီးသည်များသည် အသစ်ဖွင့်လှစ်သည့်မီးရထားခရီးစဉ်များ၌ လိုက်ပါစီးနင်းခဲ့ကြသည်။ တာဝန်ကျအာဏာပိုင်များကလည်း ခရီးသည်များနှင့် ၎င်းတို့ပိုင် ပစ္စည်းများအား စောင့်ကြပ် ကြည့်ရှုစစ်ဆေးပေးလျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိုဘားမား၏ တပ်ရုပ်ရေး အစီအစဉ် အီရတ်ဝန်ကြီးချုပ်ထောက်ခံကြောင်း ပြောကြား

ဘာလင် ဇူလိုင် ၂၀

အီရတ်နိုင်ငံ ဝန်ကြီးချုပ် နူရီအယ်လ်-မာလီကီက အမေရိကန်ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်း ဘာရက်အိုဘားမား၏ ၁၆ လအတွင်း အမေရိကန် တပ်ဖွဲ့များအား အီရတ်နိုင်ငံမှ ရုပ်သိမ်းရေး အဆိုပြုချက်ကို ထောက်ခံကြောင်း ဂျာမန်မဂ္ဂဇင်း တစ်စောင်သို့ ပြောကြားသည်။ ဂျာမန်မဂ္ဂဇင်း "ဒါးစပီဂဲလ်"နှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် မာလီ ကီက အမေရိကန်တပ်ဖွဲ့များကို အီရတ်နိုင်ငံမှ မြန်နိုင်သမျှ မြန်ဆန်စွာ ထွက်ခွာခြင်းကို အလိုရှိကြောင်း ပြောကြားသည်။ အီရတ် ဝန်ကြီးချုပ်အနေဖြင့် အိုဘားမားတင်ပြထားသော ရုပ်သိမ်းရေး အချိန်ဇယားကို ပထမဆုံးအကြိမ် ထောက်ခံကြောင်း ပြောကြားခြင်းဖြစ်သည်။

အိုဘားမားသည် ယခုအခါ အာဖဂန်နစ္စတန်မှ အီရတ်နိုင်ငံသို့ ရောက်ရှိနေပြီး ဂျော်ဒန်နိုင်ငံသို့ ဆက်လက် သွားရောက်ရန်ရှိသည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

၂၀၀၆ ခုနှစ်တွင် ပြင်သစ်၌ ဆင်းရဲသား ၇ ဒသမ ၉ သန်းရှိ

ပါရီ ဇူလိုင် ၂၀

၂၀၀၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ ဆင်းရဲသားလူဦးရေသည် ခန့်မှန်းခြေ ၇ ဒသမ ၉ သန်းရှိကြောင်း၊ စုစုပေါင်း လူဦးရေ၏ ၁၃ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း ပြင်သစ်အမျိုးသားစာရင်းအင်းနှင့် စီးပွားရေးလေ့လာရေးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံပိုင် စာရင်းအင်းဌာနက သောကြာနေ့တွင် ထုတ်ပြန်လိုက်သော အစီရင်ခံစာအရ နိုင်ငံ၏ ဆင်းရဲသား အရေအတွက်သည် ၂၀၀၂ ခုနှစ်က ရှိခဲ့သော အရေအတွက်အတိုင်း မပြောင်းမလဲတည်မြဲလျက်ရှိသည်ဟု ဆိုသည်။ အစီရင်ခံစာတွင် ၂၀၀၆ ခုနှစ်၌ စုစုပေါင်းလူဦးရေ၏ ၁၃ ဒသမ ၂ ရာခိုင်နှုန်း ဆင်းရဲချို့တဲ့သူများဖြစ်သည်။ လူနေမှုအဆင့် စံနှုန်းမီသူတို့၏ တစ်လဝင်ငွေသည် ယူရိုငွေ ၈၈၀ (အမေရိကန်ဒေါ်လာ ၁၃၆၄) အထိ ရှိသည်။ လူလတ်တန်းစားတို့၏ တစ်လဝင်ငွေသည် ယူရိုငွေ ၁၄၇၀ ရှိသည်။ အနိမ့်ဆုံးလူတို့၏ အမြင့်ဆုံး ရရှိသော တစ်လဝင်ငွေသည် ယူရိုငွေ ၄၃၃ သာရှိသည်။ ၂၀၀၆ ခုနှစ်တွင် ဆင်းရဲသား လူတန်းစားများဟု သတ်မှတ်ထားသော စံနှုန်းအောက်နေထိုင်ကြသူ ပေါင်းသည် ၇ ဒသမ ၉ သန်း ရှိသည်ဟု ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

၂၀၀၈ခုနှစ် ပေကျင်း အိုလံပစ် ပွဲတော်မတိုင်မီ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။

[ပေကျင်းမြို့တွင် ယာဉ်စီးရေ ၃ ဒသမ ၃သန်းရှိသည်ဟုသိရသည်။] (ဓာတ်ပုံ-အင်တာနက်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

အမှာစကားပြောကြား

ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရတနာပုံမြို့သစ်တည်ဆောက်ရေး စီမံကိန်း ကြီးကြပ်မှုကော်မတီ(၁၇)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (ဆက်သွယ်ရေး)

ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ကြီးကြပ်မှု ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် ရတနာပုံတယ်လီပို့တို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြေမှုံ The Mirror ယနေ့ဆောင်းပါးအညွှန်း

နိုင်မြင့် (တောင်သာ) ၏

"နိုင်ငံရေးပြစ်မှု၊ နိုင်ငံရေးအကျဉ်းသားနှင့် မြန်မာနိုင်ငံ ဥပဒေပြဋ္ဌာန်းချက်များ (၁)"

(ဆောင်းပါး) စာမျက်နှာ - ၈၊ ၉